


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ဘယ်နှယ်ကြောင့် သတ္တဝါ လို့ ခေါ်ပါလိမ့်

(၂၁၈)

ဟောကြားသည့်နေ့
၃-၆-၆၀

0169

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ဘယ့်နှယ်ကြောင့်သတ္တဝါလို့ခေါ်ပါလိမ့်

THITSARPARAMI LIBRARY
Date ..........................

ဟောကြားသည့်နေ့
(၃-၆-၁၉၆၀)

စာမူခွင့်ပြုချက်အမှတ် - ၇၁၂/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၈၂/၂၀၀၂ (၁၂)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး - (            )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏
# အမှာစာ

ဤတရားတော်များသည် မိုးကုတ်ဆရာတော်ဘုရားကြီး မိုးကုတ်မြို့တွင် တပည့်ရင်းများဖြစ်ကြသော မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌကြီး ဦးအောင်ချိန့်နှင့် ကျောင်းအမကြီး ဒေါ်လှညွှန့်တို့အား သီးခြားဟောကြားထားသော နာရီဝက် တရားတော်များဖြစ်ပါသည်။

ဆရာတော်ဘုရား၏ တပည့်ရင်းများဖြစ်ကြသည့် အလျှောက် ရင်းရင်းနှီးနှီး မညှာမတာပြောဆိုဆုံးမထားသည်ကို တွေ့ရပါသည်။ တရားတော်တွင် "ဒီဘဝလည်း ဒီအတိုင်းသေ နောက်ဘဝလည်း ဒီအတိုင်းသေရမှာပဲဆိုတော့ "လှညွှန့်" သေခြင်းကောင်းရပ့်မလား၊ ဒါဖြင့် ဘယ်နဲ့လုပ်မလဲကွ "မောင် အောင်ချိ‌ရ?" ဟု အမည်တပ်ပြီး ဆုံးမပါသည်။

ထို့ပြင် "နေ့တိုင်း နေ့တိုင်း ဆရာဘုန်းကြီးက ဟော့-မောင်အောင်ချိ မင်းဝိပဿနာရှု၊ လှညွှန့် ဝိပဿနာရှုဆိုတာ ဒါတွေဟာ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဉစ္စာမဟုတ်ဘူးဆိုတာ သိအောင် လို့" ဟု ဆုံးမပါသေးသည်။

ဤစာအုပ်သည် မိုးကုတ်ဆရာတော်ဘုရားကြီး (၃-၆-၆၀) နေ့တွင် ဟောကြားခဲ့သော "ဘယ်နှယ်ကြောင့် သတ္တဝါလို့ခေါ်ပါလိမ့်" နှင့် (၄-၆-၆၀) နေ့တွင် ဟောကြားခဲ့သော "ဆင်ခြေလဲရင်၊ သေချင်သေးလို့ပဲ" မိနစ် (၃၀) တရားနှစ်ပုဒ်ကိုပေါင်း၍ ထုတ်ထားပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်ကြပါစေ။

၉-၉-၂၀၀၂။

အမှုဆောင်အဖွဲ့

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

## ဘယ့်နှယ်ကြောင့်သတ္တဝါလို့ခေါ်ပါလိမ့်

ဟောကြားသည့်နေ့ (၃-၆-၆၀)

လူသတ္တဝါ၊ နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါနဲ့ သတ္တဝါတွေ အမျိုးမျိုးရှိတယ် (တင်ပါ့ဘုရား)၊ အဲဒီသတ္တဝါ၊ သတ္တဝါဆိုတဲ့နာမည်ဟာ ဘယ်ကထွက်လာသတုံးလို့မေးဖို့လိုတယ်တဲ့၊ သတ္တဝါဆိုတဲ့ဥစ္စာက နီးရာငြိကပ်နေတတ်ခြင်းကြောင့် ငြိကပ်တတ်တာ သတ္တဝါလို့ခေါ်တယ်။

## ငြိကပ်တတ်တာသတ္တဝါလို့မှတ်

နီးရာငြိကပ်နေတာ ဥပမာအမေနဲ့နီးရင် အမေငြိကပ်နေတာ၊ သားနဲ့နီးရင်သားငြိကပ်နေတာ၊ သမီးနဲ့နီးရင် သမီးငြိကပ်နေတာပဲ၊ ခင်ပွန်းနဲ့နီးရင် ခင်ပွန်းငြိကပ်နေတာပဲ၊ ငြိကပ်တတ်တာ သတ္တဝါလို့မှတ်ထားပါ၊ (တင်ပါ့ဘုရား)။

ဒါဖြင့် သတ္တဝါဆိုတဲ့နာမည်အရင်းက ငြိကပ်တတ်တာနော်၊ (တင်ပါ့)၊ သူကဒီနားနီး ဒီနားငြိကပ်တာပဲ၊ ဟိုနားနီးဟိုနားငြိကပ်တာပဲ၊ ကြည့်စမ်းပါလားမင်းတို့ ကဲရန်ကုန်သွားနေတော့ ရန်ကုန်ငြိကပ်နေတာပဲ၊ မိုးကုတ်သွားနေပြန်တော့ မိုးကုတ်ငြိကပ်နေတာ၊ ဒါကသတ္တဝါဆိုတာ ဘာတုံး ငြိကပ်တတ်တာ (မှန်ပါ့ဘုရား)၊ သတ္တဝါ။

ငြိကပ်တတ်တာ ဘာခေါ်ကြမယ် (သတ္တဝါပါဘုရား)၊ သတ္တဝါ၊ အဲဒါကြောင့် သတ္တဝါဟူသော အမည်ပျောက်မှပဲ ငြိကပ် မှုကင်းမှာ၊ သတ္တဝါသာဖြစ်နေလို့ရှိရင် ဟိုငြိနေ ဒီငြိနေနဲ့ ငြိရင်းမတ္တ နဲ့ပဲ အိုနာသေထဲ၊ ဒီငြိတဲ့နေရာမှာပဲ အိုနာသေနဲ့ ဇာတ်သိမ်း လိုက်ကြတယ်၊ (တင်ပါ့ဘုရား)။

ဥပမာမယ်- ခင်ပွန်းမကို ငြိကပ်နေလိုက်တယ်၊ ခင်ပွန်းမ ခြေရင်းခေါင်းဆင်းသေလိုက်တာပဲ၊ (တင်ပါ)၊ ခင်ပွန်းကိုငြိကပ် နေလည်း ခင်ပွန်းမကသူနဲ့ပဲ သေအတူရှင်အတူဆိုပြီး၊ သူနဲ့ငြိကပ် ပြီးသေလိုက်တာပဲ၊ ဒါဆိုရင်ငြိကပ်ပြီးသကာလ နေတတ်၊ သေ

တတ်တာကို ဘာခေါ်ကြမတုန်း၊ (သတ္တဝါလို့ခေါ်ပါတယ်ဘုရား)၊ အဲဒါမှတ်ထားကွ၊ လူသတ္တဝါ၊ နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါဆိုတဲ့ ဥစ္စာ-ငြိကပ်ပြီးဒီနေရာနေ၊ ဒီနေရာ သေပဲသူ့ဟာက၊ အဲဒါဘာခေါ်ကြမတုံး (သတ္တဝါပါဘုရား)။

## ဘယ်နှယ်ကြောင့်သတ္တဝါခေါ်ပါလိမ့်

အဲ သတ္တဝါအကြောင်း ယနေ့ကောင်းကောင်းသိပြီကောကွ၊ (တင်ပါ့ဘုရား)၊ ဩော် ဒို့အလိုသာဆိုရင် သတ္တဝါဆိုတဲ့ဥစ္စာ-လူသတ္တဝါ၊ နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါလို့ အားလုံးပြောဆိုနေကြတာ ဘယ့်နှယ့်ကြောင့် သတ္တဝါခေါ်ပါလိမ့်မတုံးလို့ အဓိပ္ပါယ်ကိုမသိဘူး၊ စင်စစ်တော့ ငြိကပ်တတ်တာသတ္တဝါ၊ (တင်ပါ့ဘုရား)။

နီးရာငြိကပ်တာပဲ၊ (တင်ပါ)၊ ကောင်းတာဆိုးတာရွေးသေးရဲ့လား (မရွေးပါဘူးဘုရား)၊ မရွေးဘူးတဲ့ နီးရာမှာပဲ ငြိကပ်ပြီးသကာလ အိုပွဲ၊ နာပွဲ၊ သေပွဲနဲ့ပဲ နီးရာခေါင်းစိုက်သေလိုက်၊ ငြိကပ်သတ္တဝါ (တင်ပါ)၊ ငြိတတ်သောကြောင့် သတ္တဝါ၊ ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ငြိတတ်တာဘာခေါ်မယ်၊ (သတ္တဝါပါဘုရား)၊ အမလေးကြောက်စရာကြီးပါလားကွ (တင်ပါ)၊ ပထမကတော့ သတ္တဝါဆိုတဲ့ ဥစ္စာ ဘာလိုလိုထင်ပြီးသကာလနေရတယ်၊ နောက်တော့

သဒ္ဒနာမည်ကြီးက နာမည်ဆိုးကြီးပါလားဆိုတာ ပေါ်လာရောပေါ့ (ပေါ်ပါတယ်ဘုရား)။

## မိမိခန္ဓာငါးပါးငြီကပ်တယ်

ဘယ်လိုငြိကပ်နေသတုံးလို့မေးလို့ရှိရင် အလွယ်ဆုံးငြိကပ်တာကတော့ မိမိခန္ဓာငါးပါးမိမိငြိကပ်တယ်၊ အားကြီးငြိကပ်တာကတော့ဒါပဲ၊ ဒီပြင့်ဟာတွေက အပိုငြိကပ်တာ၊ ကိုယ့်ခန္ဓာငါးပါးတော့ဖြင့် ဘယ်နေရာမှ စိတ်မချဘူး (တင်ပါ)။

ဒီဝင်ပြီးတွယ်ပြီးသကာလ သဒ္ဒခလုတ်မထိဆူးမငြိအောင် မဝ ဝအောင် ကျွေးချင်မွေးချင်ပြီးသကာလ သူနဲ့မခွဲချင်တာ၊ ဩော်. . . သေရမယ်ဆိုတဲ့ အခါကျတော့မှ သူနဲ့သူနဲ့မခွဲချင်တာ သေချာတာကိုးကွ (တင်ပါ)၊ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒါကြောင့် ဒီလိုငြိကပ်တတ်တာ ဘာခေါ်ကြမယ် (သက္ကာယပါဘုရား)။

## ကားတွေတိုက်တွေငြိကပ်တယ်

ဩော်. . . သက္ကာယဆိုတာ နာမည်အရင်းက အဆိုးကြီးပါလားဟေ့၊ တော်တော်ဆိုးတဲ့နာမည်၊ အဲဒါသူများပြောလား ကိုယ်ကိုယ်တိုင်အတွေ့အကြုံလားမေးကြည့်တော့ ကိုယ်ကိုယ်

တိုင်အတွေ့အကြုံတွေ၊ တိုက်ကလေးရှိ တိုက်ကလေးငြိတာပဲ၊ (တင်ပါ)၊ ကားလေးရှိရင်ကော (ကားလေးငြိတာပါဘုရား)။

ဒီလိုနဲ့ပဲ ငြိကပ်ပြီးသကာလ ကားကလေးများပျက်နေမယ်ဆို - ကားကလည်းကားပျက်ဖြစ်မယ်ဆိုရင်ဖြင့် သူများပြင်နေတာတောင်မှ ကိုယ်ကအနားနားကကပ်ပြီးသကာလ- ငြိကပ်နေသေးတာမဲကွ (တင်ပ့ါဘုရား)။

မကြည့်မရှုလို့ရှိရင် ဘယ်နေရာကျမတုံးဆိုပြီးတော့ စင်စစ်တော့ ဒီကားပေါ်မှာ သူသံယောဇဉ်ငြိတွယ်ကပ်နေတာ (တင်ပါ)၊ ငြိကပ်တတ်တာ ဘယ့်နှယ့်ခေါ်ကြမတုံး (သတ္တဝါပါဘုရား)၊ သတ္တဝါ။

ဒါဖြင့် သူငြိကပ်တတ်တာသတ္တဝါဆိုတော့ ဘာနဲ့တူသတုံးလို့မေးဖို့လိုတယ် (တင်ပါ)။

## မုဆိုးနဲ့မျောက်ဥပမာ

မုဆိုးတစ်ယောက်သည်တဲ့ မျောက်တွေသွားတဲ့သစ်ကိုင်းပေါ်မှာ မျောက်သားစားချင်လို့ မျောက်ကိုထောင်တဲ့အစေးတွေနဲ့ အပင်မှာလိမ်းကပ်ထားတယ်။

လိမ်းကပ်ထားတဲ့အခါ မျောက်ကတော့သူသွားနေကျလမ်းကတော့သွားတာပဲ ဟိုအပင် ဒီအပင်ကူးဖို့ စားဖို့သောက်ဖို့ရှာတာ၊ မုဆိုးထောင်ထားတဲ့ အစေးပေါ်မှာသူ့လက်ကလေးချမိတယ်၊ လက်ကလေးငြိနေတာပဲ။

အဲဒီဘက် လက်ငြိတာနဲ့ ဟိုဘက်လက်နဲ့ကန်ရုန်းပြန် တော့ ဟိုဘက်လက်က ငြိတာပဲ၊ ခြေထောက်တစ်ဖက်နဲ့ကန်ရုန်း လည်း ခြေထောက်တစ်ဖက်ငြိတယ်၊ နောက်တစ်ဖက်နဲ့ကန်ရုန်း နောက်တစ်ဖက်ငြိတာပဲ၊ နောက်ခေါင်းနဲ့တိုက်ရုန်းပြန်တော့လည်း ခေါင်းပါငြိလို့ တွယ်စရာ၊ ကိုင်စရာမရှိလို့ လိမ့်ကျတယ်၊ (တင်ပါ့ ဘုရား)။

## ငြိနေလို့ဖြစ်ရတာ

လိမ့်ကျတော့ မုဆိုးထောင်ထားတဲ့အတွက် မုဆိုး၏ စားချင်သလိုစား၊ သတ်ချင်သလိုသတ်၊ ဖြတ်ချင်သလိုဖြတ်ဖို့ ဖြစ်မလာရဘူးလား (ဖြစ်လာရပါတယ်ဘုရား)၊ ဒါငြိနေ လို့သူဖြစ်သွားတာ (တင်ပါ့ဘုရား)၊ မငြိကပ်လို့ရှိရင် (မဖြစ်ပါ ပါဘူးဘုရား)။

## ဒီမှာလည်းအစေးတွေ

ဒီမှာလည်းမင်းတို့မရဏမင်းက ထောင်ထားတဲ့ဒီဟာ အစေးတွေပဲ၊ ဒါ သားသမီး ခန္ဓာငါးပါးဆိုတာ အစေးတွေပဲ၊ ခင်ပွန်းမ ခန္ဓာငါးပါးဆိုတာကော (အစေးတွေပါဘုရား)၊ အစေး တွေပဲ။

အဲတော့ မုဆိုးနဲ့ တူတဲ့သေမင်းကထောင်ထားတာ သူသတ်ရအောင်လို့ သူဖြတ်ရအောင်လို့ထောင်ထားတာ၊ အဲဒါမင်းတို့က အာရုံငါးပါးဖြစ်နေတော့ ဝေဒနာလေးကြလိုက် ပြန်ရင်လည်းငြိနေတာပဲ ကိုချမ်းသာတာလေးနှမြောတာပဲ။

ကိုယ့်သညာလေးလဲနှမြောတာပဲ၊ စေတနာလေးလည်း ကိုယ်ကောင်းကောင်းမွန်မွန်နေချင်တဲ့စေတနာလေးကိုလည်း နှမြောတာပဲ၊ ဒီရုပ်ကလေးကိုလည်း ကျန်းမာမှု၊ ချမ်းသာမှုကို မကျန်းမာမှာ၊ မချမ်းသာမှာကို အင်မတန်စိုးရိမ်ပြီး သူလည်းနှမြော တာပဲ (တင်ပါ့ဘုရား)။

## မျောက်ထောင်ထားသလိုဖြစ်နေပြီ

ဒါဖြင့် အုန်းကြည် မင်းခန္ဓာငါးပါးငြိကပ်မနေဘူးလား (ငြိကပ်နေပါတယ်ဘုရား) ငြိကပ်နေတော့ မင်းသည်ကားလို့ ဆိုလို့ရှိရင် ခုနင်ကမျောက်ထောင်ထားသလိုဖြစ်နေပြီ (တင်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

မျောက်ထောင်ထားတော့ ငါးခုစလုံးငြိကပ်နေတော့ ဘာနဲ့ပြန်ရုန်းမလဲကွ လက်နှစ်ဖက်နဲ့လည်းငြိနေပြီ၊ ခြေနှစ်ဖက် လည်း (ငြိနေပါပြီဘုရား) ခေါင်းနဲ့တိုက်ရုန်းပြန်တော့ ခေါင်းငြိနေပြီ ဆိုတော့ လိမ့်ကျရုံအပြင်အပိုမရှိဘူး (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## သေမင်းထောင်ထားတဲ့အစေးငါးမျိုး

လူညွန့်ကြီးကော ဘာတွေများငြိနေတုန်း၊ လိမ့်ကျပြီး သကာလ ထောင်ထားတဲ့မုဆိုး၏ထင်သလို စားရာသောက်ရာ ဖြစ်ရလိမ့်မယ်ဆိုတော့ ဒါသေမင်းထောင်ထားတဲ့ အစေးငါးမျိုးလို့ မောင်အောင်ချိကမှတ်ထားရမယ်၊ သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါကြောင့် သတ္တဝါဆိုတာ ငြိကပ်တတ်တာသတ္တဝါ၊ ငြိကပ်ပြီဆိုမှဖြင့် အောက်လိမ့်ကျ၊ အောက်လိမ့်ကျပြီဆိုမှဖြင့် တစ်ခါတည်းမုဆိုးနဲ့တူတဲ့ သေမင်းတို့၏ စီမံသလိုမခံရဘူးလား (ခံရပါတယ်ဘုရား)။

အဲတော့ မင်းတို့ကလည်း ခက်လိုက်တဲ့ဖြစ်ခြင်း၊ ငြိကပ်ရာမရှိလို့ရှိရင် မပျော်ဘူးလား၊ (တင်ပါ့ဘုရား) ဘယ်နှယ့်ပါလိမ့် (ငြိကပ်ရာမရှိရင် မပျော်ပါဘူးဘုရား)၊ သံယောဇဉ်မရှိမပျော်ဘူး ပေါ့ကွာဟုတ်ဘူးလား (တင်ပါဘုရား)။

## ကျော့ကွင်းထဲကျရင်ပျော်နေပြီ

ငြိကပ်ရာရှိလို့ သေမင်းထောင်ထားတဲ့ ကျော့ကွင်းထဲ ရောက်ရင် ပျော်ပြီပေါ့. . . အေးမောင်ကြီးကောကွ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ငြိကပ်ရာမရှိလို့ရှိရင် ပြန်မှထင်ပါရဲ့ ဘယ်လို ညာလို အစရှိသည်နဲ့မလာဘူးလား (လာပါတယ်ဘုရား)။

အဲဒါငြိကပ်တယ်ဆိုတာက ငြိကပ်တတ်တာသတ္တဝါ၊ ငြိကပ်ပါများလို့ ရှိရင်လည်း တော်ကြာဒီအစေးတွေက ကပ်ပြီးသကာလ ဘယ်ဟာမှ မိအောင်၊ တရားဓမ္မတွေ မိအောင် မဆွဲနိုင်ကြတော့ဘူး၊ (တင်ပ့ါဘုရား) ၊ဆွဲနိုင်သေးရဲ့လား (မဆွဲနိုင်ပါဘုရား)။

## အပါယ်ကို့ကျတတ်တယ်

ကိုယ်ကအားကိုးရာ မဆွဲနိုင်တော့ဘူး အစေးစီမံသလို ငြိကပ်တဲ့တရားက စီမံသလို ဝှန်းခနဲ၊ ဒိုင်းခနဲ လိမ့်ကျတတ်တယ် အပါယ်လေးပါးကိုနော် (တင်ပါဘုရား)။

အဲဒါကြောင့် ခုနင်က မုဆိုးထောင်ထားတဲ့ အစေး ကြောင့်မျောက်သည် မုဆိုးစီမံသလိုပဲ ချက်ချင်ချက်၊ ပြုတ်ချင် ပြုတ်၊ သုတ်ချင်သုတ်၊ စားချင်သလိုစား၊ မုဆိုးအကြိုက်ဖြစ်မသွား ဘူးလား (ဖြစ်ပါတယ် ဘုရား)။

## အို့နာသေမုဆိုးသုံးယောက်

ဒီမှာလည်း မင်းတို့ငြိကပ်သာနေလို့ ရှိရင် ဇာတိဇရာမရဏတို့၏ စားဖတ်ဝါးဖတ်ဆိုတော့ မုဆိုးသုံးယောက်၏ စားဖတ် ဝါးဖတ်သူတို့ စီမံသလိုခံရမယ်၊ အိုနာသေထဲချည်း၊ တွန်းတွန်းချ မယ်၊ ငြိကပ်တတ်တဲ့ ပုဂ္ဂိုလ် အိုနာသေထဲ တွန်းတွန်းချတာ ရှင်း ပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် အငြိအကပ်ပြုတ်သွားလို့ရှိရင် ငြိကပ်ကိုကျဉ်ဖယ်နိုင်တဲ့ စွမ်းရည်သတ္တိရှိလို့ရှိရင်ဖြင့် ခုနကတုပ်ပြီးသားချည်ပြီးသားတွေလိမ့်ကျစရာလိုသေးလား (မလိုပါဘုရား)။

## ခင်တွယ်မှုကင်းအောင်ဝိပဿနာလုပ်ကြ

ဒါဖြင့် ဒို့နေ့တိုင်း ဝိပဿနာအလုပ်ကြီး လုပ်ခိုင်းနေတဲ့ ဥစ္စာ-သူ့အဖို့ခင်တွယ်တာ ငြိကပ်မှုကင်းအောင်လုပ်နေတာ-(တင်ပါဘုရား) ပြုတ်ကျမှာစိုးလို့ကွ (တင်ပါဘုရား) အစေးများများနဲ့ ငြိပြီးသကာလ ပြုတ်ကျပြီဆိုမှဖြင့် ကဲကိုယ့်သဘောအတိုင်းကျတာလား၊ ကျချင်သလို ကျသွားတာလား (ကျချင်သလိုကျသွားတာပါဘုရား)၊ အေး. . . တဏှာအစေးကြောင့် ကျချင်သလိုကျသွားရတယ်ဆိုတာရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် မင်းတို့သည် ဒီ"ငြိကပ်"အဆိုးဆုံးပဲ၊ မဆိုးဘူးလား (ဆိုးပါတယ်ဘုရား)၊ ကောင်းပြီ ဒီငြိကပ်သည်ကားလို့ဆိုရင်ဖြင့် ဒါကမုဆိုးသုံးယောက်၊ ဇာတိ၊ ဇရာ၊ မရဏ မုဆိုးသုံးယောက် ဒါက မောင်အောင်ချို၊ ဒီခန္ဓာငါးပါး ငြိကပ်နေတာဒါလည်းမစွန့်နိုင်၊ ဒါလည်းမစွန့်နိုင်ဆိုတော့ ဒီဥစ္စာ ခုနင်က လက်ငြိ၊ ခြေငြိ၊ ခေါင်ငြိ။

## ရာခရဟန်းကိုဟောတာ

ခေါင်းငြိပြီးသကာလ ဒီလမ်းအတိုင်းလျှောက်သွား၊ ပြုတ်ကျပြီးသူတို့၏ စားဖတ်ဝါးဖတ်မဖြစ်ရပေးဘူးလား (ဖြစ်ရပါတယ်ဘုရား) ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒါ ရာခရဟန်းဟောနေတာလို့ မှတ်ရမယ်၊ (တင်ပါဘုရား)။

ရာခက သတ္တဝါ၊ သတ္တဝါဆိုတာ ဘာတုံးဘုရား၊ အားလုံးလည်း သတ္တဝါလို့ ပြောဆိုနေကြတယ်၊ အို. . . သတ္တဝါဆိုတာ ငြိကပ်တတ်တာ သတ္တဝါကွ (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား) ဘာတဲ့တုံး (ငြိကပ်တတ်တာ သတ္တဝါပါဘုရား)။

## သတ္တဝါဆိုတာဘာတုံး

ငြိကပ်တတ်တာ သတ္တဝါလို့မှတ်ထားတော့ ဘာငြိကပ်တုံးဆိုတော့ မိမိခန္ဓာငါးပါးနဲ့ငြိကပ်တာ (တင်ပါဘုရား)၊ သားမယား ခန္ဓာငါးပါးနဲ့ကော (ငြိကပ်ပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့သည် ခုနကလွတ်ရေး ကျွတ်ရေးရှန်းနိုင်သေးရဲ့လား (မရှန်းနိုင်ပါဘုရား)၊ အဲဒါဘယ့်နဲ့ကြောင့်တုံး၊ ငြိကပ်နေလို့ (တင်ပါ) လွတ်ရေးကျွတ်ရေးဘက်ကို လွတ်လွတ်ကျွတ်ကျွတ် နေနိုင်ထိုင်နိုင်သေးရဲ့လား (မနေနိုင်ပါဘူး ဘုရား)။

မနေနိုင် မထိုင်နိုင်ဘူး၊ ဘယ့်နဲ့ကြောင့် မနေနိုင် မထိုင်နိုင်ပါလိမ့်မတုံးဆိုတော့ ငြိကပ်နေတာ ကိုယ့်သဘောပါမှ မပါ

တော့ပဲ၊ ပါသေးရဲ့လား (မပါပါဘူး ဘုရား)၊ ကိုယ့်သဘောအအတိုင်း မင်းတို့ထမင်းတစ်ပွဲစားကြည့်တာတောင်မှ စားမဖြစ်ဘူးကွ (တင်ပါဘုရား)။

## သူတို့ကို ကောင်းတာကျွေးပြီး ကိုယ်က အရိုးစားတယ်

သူတို့ ငြိကပ်နေတာ သူတို့ကောင်းတာကျွေးပြီး ကိုယ်က အရိုးလေးအရင်းလေးလောက် စားချင်တော့တာ (တင်ပါ)၊ သူတို့ ငြိကပ်နေတာကို (တင်ပါ)၊ သားတွေ သမီးတွေကို။

အေး. . . ကိုယ်သဘောအတိုင်း စားလို့သောက်လို့ဖြစ်သေးရဲ့လား၊ (မဖြစ်တော့ပါဘူး ဘုရား)၊ နေပြန်ထိုင်ပြန်လို့ရှိရင်လည်း သူတို့ကောင်းတဲ့၊ မွန်တဲ့၊ သူတို့က ကလေးတွေဖြစ်တယ်၊ ကိုယ်ပဲသင့်သလိုနေလိုက်မယ်၊ အဝတ်လည်း သူတို့ပဲကောင်းကောင်းမွန်မွန်ပဲ၊ ကိုယ်တော့ လုံချည်ရင်တော်ရော့ပေါ့ အင်းငြိကပ်နေလိုက်တာတွေကဖြင့် နဲတာတွေ မဟုတ်ပါဘူး၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ကိုယ်အငတ်ခံပြီးသားသမီးအဝကျွေးတယ်

ဒါဘာဖြစ်လို့ ဒီလောက်တောင် ခွေတာရေးလုပ်ရသလဲ လှည့်နှ့ရလို့မေးရင် ဘယ်နဲ့ပြောပ့ါမတုံး၊ မဟုတ်ပါဘူး ငြိကပ်

နေတာပါ၊ ခြွေတာရေးဆိုတာ ဒါမဟုတ်ပါဘူး၊ ကိုယ့်ကိုယ် အငတ်ထားပြီး သားသမီးများကို အဝကျွေးတာ၊ ကိုယ်ပေးရင် အကောင်းပေးတဲ့ဥစ္စာက ဘာဖြစ်လို့ ထင်ကြတုံး (ငြိကပ်နေလို့ပါ ဘုရား)။

ငြိကပ်နေလို့ ပြုတ်ကျပါလိမ့်မယ်၊ ငြိကပ်နေရင်တော့ဖြင့် ခုနကမျောက်လို ဖြစ်မှာပဲကွ၊ မသေချာဘူးလား (သေချာပါတယ် ဘုရား) အဲဒါကြောင့် သမုဒယဆိုတဲ့ ဥစ္စာသည် မျောက်ထောင် ထားတဲ့အစေးနဲ့ တူတယ်တဲ့-မျောက်ကို မုဆိုးကထောင်ထားတဲ့ အစေးနဲ့တူတယ်တဲ့ အကုန်ငြိနေတာပဲ သူတစ်ခါတည်း (တင်ပါ ဘုရား)။

## ငြိနေရင်ရှုန်းကန်ပါတော့လား

ငြိနေလို့ရှိရင်ဖြင့် ရုန်းပါတော့လား၊ ကန်ပါတော့လား၊ မရုန်းနိုင် မကန်နိုင်တော့ဘူးတဲ့၊ ငြိနေတာပဲ၊ ငြိရင်းမတ္တာနဲ့ပဲ ဒီနေရာမှာပြုတ်ကျ၊ မပြုတ်ကျလို့ရှိရင် ဒီနေရာတင်ပဲ ဘာမှလည်း အစာရှာစားနိုင်တဲ့ စွမ်းရည်သတ္တိက၊ ခြေလက်အင်္ဂါတွေက တုပ်ပြီး သားဖြစ်နေပြီကောကွ (တင်ပါ)၊ ဒီနားပဲသေရုံပဲရှိတယ် မဟုတ် လား (တင်ပါ)။

အဲ. . . အားလုံးသော ပုဂ္ဂိုလ်တို့ဟာ ငြိတဲ့ခေါင်းရင်းမှာ သေကြတာ (တင်ပါဘုရား) ဒါခေါင်းဆိုက်သေလိုက်တာ

(တင်ပါ)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ မင်းတို့အဖြစ် ကောင်းကောင်းရှင်းပလား (ရှင်းပါပြီဘုရား)။

## ပိုက်ကွန်ထဲနေတဲ့ငါးမိုက်

ငြိကပ်ရာမရှိတော့လည်း နင်တို့က ဘာတုံး၊ ပျင်းတယ်ဖြစ်မှဖြစ်ရလေ လွတ်လွတ်လပ်လပ်နေတာ ပျင်းတယ်၊ ခုနင်က မရုန်းနိုင်၊ မကန်နိုင်နေတော့ ဘာတဲ့တုံးပျော်တယ်၊ ဟာ. . . ပိုက်ကွန်ထဲနေတဲ့ငါးမိုက် (တင်ပါဘုရား)၊ ပိုက်ကွန်ထဲ မိနေတာ တစ်နေ့နေ့ ဒီပိုက်ကွန်ကို ဆယ်ယူလိုက်တဲ့အခါ ဒီငါးဟာ တံငါသည်၏ ရောင်းလိုရင် ရောင်စားလိုရင်စားဆိုတဲ့ အဓိပ္ပါယ်ဟာ ဒီငါးအပေါ်မှာ မရောက်ဘူးလား ရောက်လား (ရောက်ပါတယ်ဘုရား)။

## ငြိကပ်နေမှ ပျော်နေတယ်

ဒီငြိကပ်နေတဲ့ အထဲမှာမှ ပျော်နေတဲ့ဥစ္စာ သေမင်းတွေလိုက်ရှာနေစရာလိုသေးလား၊ ဒီနားဝိုင်းရိုက်ရုံပဲလား (ဒီနားဝိုင်းရိုက်ရုံပါပဲဘုရား) ဒါကြောင့် ငြိကပ်နေရတယ်လို့ ဆိုချင်သလား အဖမ်းလွယ်အောင်လို့ အဆီးလွယ်အောင်လို့ ဟုတ်ပလား (ဟုတ်ပါတယ် ဘုရား)၊ ရိပ်မိပလား (တင်ပါ)။

## ငြိကပ်တတ်တာသတ္တဝါ

ဒါဖြင့် နင်တို့ကို ဘာခေါ်ကြမတုံး သတ္တဝါခေါ်ရုံပဲ သဘောကျပလား (ကျပါပြီဘုရား)၊ သတ္တဝါဆိုတာ ဘာခေါ်ကြမတုံးကွ၊ ငြိကပ်တတ်တာ၊ ငြိကပ်တတ်တာဘာယ်နဲ့ ခေါ်ကြမယ် (သတ္တဝါပါဘုရား)၊

## ငြိကပ်တာကသမုဒယသစ္စာ

အဲ ဘယ်ငြိကပ်တုံးဆိုတော မိမိခန္ဓာငါးပါးလည်း ငြိကပ်နေတာပဲ၊ (တင်ပါ) တစ်ပါးသော ခန္ဓာတွေကော ငြိကပ်ရင် ငြိကပ်တာပဲ၊ ငြိကပ်နေလို့ရှိရင်ဖြင့် ငြိကပ်တာက သမုဒယသစ္စာ (တင်ပါဘုရား)။

## မရှုန်းကန်နိုင်တာက ဒုက္ခသစ္စာ

ဒီမရုန်းနိုင် မကန်နိုင်ဖြစ်နေတာက ဒုက္ခသစ္စာ (တင်ပါ) ဒီမျောက်က ရုန်းနိုင်သေးရဲ့လား (မရုန်းနိုင်ပါဘုရား)၊ ငြိကပ်နေတဲ့ အစေးက သမုဒယသစ္စာ၊ မရုန်းနိုင် မကန်နိုင်ဖြစ်နေတာက ခန္ဓာငါးပါး ဒုက္ခသစ္စာ၊ ခန္ဓာငါးပါး သံသရာ့ခရီးသည်ပေါ့ကွာ (တင်ပါ)၊ သဘောကျပလား (ကျပါပြီဘုရား)။

အင်း. . . ဇာတ်ထုပ်ကဖြင့် ခင်းလေမကောင်း လေထဲကကျနေပေါ့ အင် (မှန်ပါဘုရား) အေးမောင် ဒီ

ဇာတ်ထုပ်က ဘယ်နဲ့ဇာတ်ထုပ်ပါလိမ့်ကွ၊ မရှန်းနိုင်လေ ငြိလေလေ ကျနေပေါ့ ရှင်းပလားကွ (တင်ပါဘုရား)။

အိုခြင်းဆိုးကြီးနဲ့ ဒီနားကပ်ပြီး ငြိနေလိုက်တာ ပြေးနိုင်ရဲ့လား. . . (မပြေးနိုင်ပါဘူး ဘုရား)၊ မပြေးနိုင်ဘူး၊ ဝယ်တုန်းက မပြေးနိုင်ပဲနဲ့ အိုမှတော့ ဝေးပါသေးရဲ့ (တင်ပါ)။

## ဒီနားမှာပဲသေကြရတာ

ဒါကြောင့် ဒီနားမှာပဲ သားမယားခြေရင်း၊ ပစ္စည်းခြေရင်းမှာ ခေါင်းစင်းပြီးသေကြတာပါ (တင်ပါ)၊ သူဟာသူတော့ ထွက်မသွားဘူး ရွာထဲကလူက ထမ်းထုတ်ယူရတယ် (တင်ပါ) ဘယ်လောက် ငြိကပ်နေတယ်ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

သေတော့ ရွာထဲကလူက ထမ်းထုတ်ယူရတယ် ခေါင်းစိုက်ပြီး သူသေသွားတာ (တင်ပါ)၊ ပစ္စည်းခြေရင်းမှာ (တင်ပါ) မသေဘူးလား (သေပါတယ်ဘုရား)၊ ရိပ်မိပလား နင်တို့ဟာ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မင်းတို့ခင်းတဲ့ ဇာတ်ဟာ ငြိကပ်ဇာတ် မသိမ်းသ၍ ကာလပတ်လုံး ဒီနားသေခြင်းဆိုသေလိမ့်ဦးမယ် ဆိုတာကတော့ ရှင်းနေတာပဲ (ရှင်းပါတယ်)၊ မရှင်းဘူးလား (ရှင်းပါတယ်ဘုရား)။

## ပြင်ဆင်ချိန်ကျန်ပါသေးတယ်

ဘယ်နဲ့လုပ်မလဲ လှည္ဆွန့်တို့ ပြင်ဖို့ဆင်ဖို့ အချိန်ကျန်ပါသေးတယ် (တင်ပါ) ပြင်ရမှာပဲ ဖြေးဖြေးမှပဲ အခုတော့ ငြိစရာတွေနဲ့ ဟုတ်လား၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

နင့်အမေကြည့်လေ အဖေနဲ့က သူငြိကပ်တာကွာသွားတယ်၊ ဒေါသနဲ့ကွာတာ ဒိဉာဏ်နဲ့ကွာတာမဟုတ်ဘူး (တင်ပါဘုရား) အခုသားသမီးတွေနဲ့ကျတော့ ဘယ်နဲ့ဖြစ်နေတုံး၊ ဒီခေါင်းစိုက်နေတယ် (တင်ပါ)။

သူက အငြိအကပ် မရှိရင်နေလို့ဖြစ်ရဲ့လား (မဖြစ်ပါဘူး)၊ မဖြစ်ဘူး၊ ဒါဖြင့် ဒါမှုဆိုးထောင်ထားတဲ့ အစေးနဲ့ မတူဘူးလား (တူပါတယ်ဘုရား)၊ မင်းတို့က မိနေတဲ့ မျောက်သတ္တဝါနဲ့ မတူဘူးလား (တူပါတယ်ဘုရား)။

ဘယ်လို ရှုန်းရှုန်းအကုန်ငြိနေတဲ့အခါကျတော့ နောက်ဆုံးပိတ် ကိုင်တွယ်စရာရှိသေးရဲ့လား (မရှိပါဘုရား)၊ မရှိပြုံးခနဲ့ လိမ့်ကျကွာ၊ အပါယ်လေးပါးကျကွာ (တင်ပါ)၊ မရဏမင်းထင်သလို စီမံကွာ၊ မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်ဘုရား)၊ အဲဒါ သတ္တဝါဖြစ်မိလို့ (တင်ပါဘုရား)။

## သတ္တဝါဖြစ်မိလို့ငြိကပ်တယ်

ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဘာဖြစ်မိလို့တုံး၊ (သတ္တဝါ

ဖြစ်မ်လို့ပါဘုရား)၊ သတ္တဝါဖြစ်မိလို့ ငြိကပ်နေတော့ တယ်ဆိုတာ အေးမောင်ရှင်းပလားကွ (ရှင်းပါပြီဘုရား)၊ အေး. . . ရှင်းတာက စာတင်ရှင်းတာ လူမရှင်းသေးပါဘူးကွ စာတင်ရှင်းလို့ လူမရှင်းလို့ ရှိရင်လည်း အငြိအငြိပဲ ကျန်မှာပဲ။

ဒါ နားထဲပဲရှင်းတာပေါ့ကွာ အလုပ်သွားက ကပ်လျက်ပဲ၊ (တင်ပါ)၊ ဘယ်နဲ့တုံး လှည့်နှုရ နင်တို့တွေခက်လှချည့်လား၊ ဒီထဲ တော့ကျတော့ ကျမှာပဲ၊ (တင်ပါ)၊ မကျပါနဲ့ဆိုလို့တော့ (မရပါဘူး ဘုရား) မင်းဒီခန္ဓာငါးပါး ဘယ်ဟာစွန့်နိုင်တာပါတုံး၊ ဝိပဿနာ သာမရှုနဲ့ ဒါခင်နေတာပဲ (တင်ပါ)။

## ကျန်းမာချမ်းသာဖို့အရေးကြီးတယ်ဆိုတာ

ကိုယ်ကျန်းမာဖို့ အရေးကြီးတယ် ကိုယ်ချမ်းသာဖို့အရေး ကြီးတယ်၊ အင်း ဒီကချည်းလာတာပဲ ဒီပြင်ဘယ်ကလာသေး တုန်း (မလာပါဘူး) ဒါဖြင့် ခန္ဓာငါးပါးတစ်ပါးပါးကို စွန့်တယ်လို့ ပါသေးလား၊ ငြိကပ်နေတာချည်းပဲလား (ငြိကပ်နေတာချည်း ပါဘုရား)။

ဒီထဲ မင်းတို့က ခန္ဓာအပိုတွေကော ငြိကပ်သေးသလား (ငြိကပ်ပါတယ်ဘုရား)၊ ဟာ ဒါဖြင့် မျောက်က ငါးခုတည်း ငြိကပ် တာ မင်းတို့ဟာကမနဲဘူး၊ ပင့်ကူအိမ်ကြီး အလယ်ထဲနေမိသလို ကျမနေဘူးလားကွ။

အဲဒါသတ္တဝါသဘောတွေ၊ ရာရေဟာန်းကမေးလို့ဘုရား

သခင်ကိုယ်တော်မြတ်ကြီးက သတ္တဝါဆိုတာ ဒီအဖြစ်အပျက်တွေကြောင့် သတ္တဝါခေါ်တာ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲကွာ နာမည်နဲ့အဖြစ်နဲ့ကော မကိုက်ဘူးလား (ကိုက်ပါတယ်ဘုရား)၊ ဘယ်ဟာဖြစ်ဖြစ် ငြိနေတာပဲသူ့ဟာက မငြိတာကို ပါရဲ့လား (မပါပါဘူးဘုရား)။

## ငြိစရာဝတ္ထုနဲ့ငြိတတ်တဲ့ခန္ဓာ

အိမ်ပေါ်မှာထားလိုက်တဲ့ ပစ္စည်းတွေက အပ်တိုရော၊ ဘာရောအဝတ်စုတ်ရော။ ဟ ဒါတွေဟာ နင့်အိမ်များလှချည်းလား အို. . . ဘယ်ဟာမှ မစွန့်နိုင်ဘူးလိုတော့ရတယ် အကုန်ငြိနေတာပဲ (တင်ပါဘုရား)၊ မငြိတာပါသေးလား (မပါပါဘူးဘုရား)။

ဒါဖြင့် သူ့ငြိစရာဝတ္ထုပစ္စည်းနဲ့ ငြိတတ်တဲ့ ခန္ဓာနဲ့ဟာ ငြိစရာဝတ္ထု ပစ္စည်းက များတယ် ငြိတတ်တဲ့ခန္ဓာက တစ်ယောက်တည်း (တင်ပါ)၊ တစ်ယောက်တည်းမှာ အစေးတွေကလှည့်ကပ်နေတဲ့ အမိပ္ပါယ်မျိုးမကျဘူးလား (ကျပါတယ်ဘုရား)၊ ခုနင်က မျောက်ထက်ဆိုးနေသေးတယ် (တင်ပါ)၊ မဆိုးဘူးလား (ဆိုးပါတယ်ဘုရား)။ ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်ကျတော့သတ္တဝါမရှိ

ဒါဖြင့် ငြိကပ်တတ်တာ ဘာခေါ်ကြမယ် (သတ္တဝါပါ ဘုရား) သတ္တဝါ။ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဒါကြောင့် နိဗ္ဗာန်ကျ တော့ကို ဘယ်သတ္တဝါ၊ ဘယ်သတ္တဝါလို့ ရှိသေးရဲ့လား (မရှိပါ ဘုရား)၊ ဒါကြောင့်မို့ ငြိကပ်တတ်တဲ့ သမုဒယသစ္စာချုပ်သွားတာ (တင်ပါဘုရား)။

## သမုဒယသစ္စာမရှိရင်

သမုဒယသစ္စာလုံးဝမရှိတဲ့အခါကျတော့ သူ့မှာလွတ် လပ်ရေးချမ်းသာကြီးနဲ့ ကြုံမသွားဘူးလား (ကြုံပါတယ်ဘုရား)၊ ဘယ်သူထောင်ထားလို့ ကျော့ကွင်းမှာ ညှတ်ကွင်းမှာ ဘယ်တုန်း ကမှမိတယ်၊ ဘယ်သူထောင်ထားတဲ့ အစေးကို ကပ်မိတယ် ဒါကြောင့် သူတို့လက်တွင်းမှာ ခေါင်းစင်းသေလိုက်ရတယ်၊ ဒီလိုရှိ သေးရဲ့လား (မရှိတော့ပါဘူးဘုရား)။

အဲဒါ ငြိကပ်တတ်တဲ့ အစေးခန်းခြောက်သွားတာ သ ဘောကျပလား (ကျပါပြီဘုရား)၊ ငြိကပ်တတ်တဲ့ အစေးမခန်း ခြောက်လို့ရှိရင် ဘယ်တော့မှ မင်းတို့ ပြုံးတာတလှည့်မဲ့တာ များများ (တင်ပါ) ရိပ်မိပလား၊ ပြုံးတာကဘယ်လောက်တုံး နဲနဲပါ၊ မဲ့ရတာက (များများပါ ဘုရား)။

## သတ္တဝါဇာတ်ထုတ်ခင်းမိတော့

ဒါပေမယ့်လည်း မဲ့မဲ့နဲ့ ကပ်နေတာပဲ (တင်ပါဘုရား) ရိပ်မိ ပလား (ရိပ်မိပါပြီဘုရား)၊ ပြုံးပြုံးနဲ့ကပ်နေတာက လူကြည့် ကောင်းသေးတယ်ဘုရား၊ မဲ့မဲ့နဲ့ ကပ်နေတာက အိုလူတစ် ယောက်က ခရီးသွားနေတော့ ဒီကနေ မျှော်တော်ဇေါ်နဲ့ တစ်ခါ တည်းမဲ့နေတဲ့ အဓိပ္ပါယ်တွေ၊ မမာလို့ စိတ်မချ၊ လက်မချဖြစ်နေ တာတွေ (တင်ပါ)။

ဒီတစ်ဦးတစ်ယောက်အကြောင်း မညီညွတ်၊ ဟိုတစ်ဦး တစ်ယောက်လှည့်ကြည့် ပြန်လို့ရှိလည်း ဟန်မရပန်မရနဲ့ မှိုင်တွေ ချပြီ ငြိကပ်နေလိုက်တာ တွေတစ်ပုံကြီးရှိသေးတယ်။ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ သဘောကျကြပလားကွ၊ သတ္တဝါ ဇာတ်ထုပ် ခင်းမိတာကွ (တင်ပါ)၊ ဘာတုံး (သတ္တဝါဇာတ်ထုပ်ခင်းမိတာပါ ဘုရား)။

ငြိကပ်တတ်တာ သတ္တဝါကို၊ သတ္တဝါအဖြစ်ကို ဆု တောင်းမိလို့ရှိရင် ဒီအငြိအကပ်တွေက ရှိတာပဲ (တင်ပါဘုရား) ဒီအငြိအကပ်တွေရှိလို့ရှိရင်ဖြင့် သေခြင်းကောင်းသေရလိမ့်မယ် လို့ မအောက်မေ့ပါနဲ့။ (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

## သတ္တဝါအဖြစ်ရုပ်သိမ်းရမယ်

ကဲ-ဒါဖြင့် သတ္တဝါအဖြစ် ရုပ်သိမ်းမှရမယ် (မှန်ပါဘုရား) ဘယ်နဲ့ဆိုကြမတုံး (သတ္တဝါအဖြစ် ရုပ်သိမ်းရမှာပါဘုရား)၊ မရုပ်သိမ်းရင် မင်းတို့ငြိကပ်ပြီးသေဦးမှာပဲ၊ ဒီဘဝလည်း ဒီအတိုင်းသေ၊ နောက်ဘဝကော (ဒီအတိုင်းသေရမှာပါဘုရား) ဒီအတိုင်းသေရမှာပဲဆိုတော့ လှည့်ကွန့် သေခြင်းကောင်းကိုပါရဲ့လား (မပါပါဘုရား)။

ခြေ၊ လက်၊ နား၊ နှာခေါင်း ထုပ်ပြီးသား၊ အစေးကပ်ပြီးသား ပြုတ်ကျပြီးသကာလ ဗရမ်းဗတာနဲ့ သူများ စားဖတ် ဝါးဖတ်ဖြစ်သွားရတယ်ဆိုတဲ့ ဥစ္စာ မသေချာဘူးလား (သေချာပါတယ်ဘုရား) ဒါဖြင့် ဘယ်နဲ့လုပ်မလဲကွ မောင်အောင်ချိုရ ဒီနေ့ဥစ္စာ အစေးဖြုတ်ရမှာ (တင်ပါဘုရား)။

## ကိလေသာအစေးဖြုတ်ရမယ်

ကိလေသာအစေးကို ဖြုတ်ရမှာ (တင်ပါ)၊ ဘာဖြုတ်ကြမတုံး (ကိလေသာအစေးဖြုတ်ရမှာပါဘုရား)၊ သူကငြိနေတာ (တင်ပါ) ကိလေသာအစေးက ဟိုသွားတွဲ၊ ဒီသွားတွဲ တစ်ခါတည်း ဒါလည်းမကင်းဘူးဘုရား၊ ဒီကလည်း ဘာတော်တယ်၊ ဟာ ဒါကလည်း ဘယ်တုန်းက ချစ်ခင်ခဲ့တာ၊ ဒါက ဘယ်တုန်းက မွေးဖွားတာ အို ရှုပ်နေတာပဲ၊ ဘာတွေ ရှောက်ပြောနေတာတုံး

အကုန်ငြိနေတယ်ပြောတာ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဘာတွေ ပြောနေတုံး (အကုန်ငြိနေတာပြောတာပါဘုရား)။

အကုန်ငြိနေတော့ လှုပ်စရာရှားစရာများရှိသေးလား (မရှိပါဘူးဘုရား)၊ လှုပ်စရာရှားစရာမရှိလို့ရှိရင် ကိုယ့်သဘော ဘယ်နဲ့နေတုံး မပါတော့ဘူး၊ ဟုတ်ဘူးလား (တင်ပါဘုရား) ထောင်ထားတဲ့ ပုဂ္ဂိုလ်၏ စီမံသလို ခံရုံပဲ (တင်ပါ)။

## သေမင်းကထောင်ထားတဲ့အစေး

မရဏမင်း ထောင်ထားတာကိုကွ (တင်ပါဘုရား)၊ သေမင်းက ထောင်ထားတဲ့အစေးတွေလို့ ငါခုနင်ကပြောခဲ့တယ်၊ ဒီအစေးတွေ သေမင်းက ဒီယုန်မြင်လို့ ဒီချုံထွင်ထားတာလို့၊ ဒီအစေးတွေထောင်ထားတာက ဒီလိုသတ်ချင်လို့ (တင်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

မင်းတို့က သက်သက်ဒီအစေးသွားပြီးသကာလ နင်းမိသလား၊ ကိုင်မိသလား၊ တွယ်မိသလားလို့ မေးလို့ရှိရင် လွတ်လွတ်လပ်လပ်နေရင်တော့ ဘာနဲ့မှမငြိဘူး (တင်ပါဘုရား)၊ သို့သော် လွတ်လွတ်လပ်လပ်မနေတော့ အကုန်ငြိနေတာ ကိုယ်က မွေးလိုက်ငြိလိုက်၊ လုပ်ကိုင်ကျွေးတဲ့သူငြိလိုက်၊ စီးပွားဖက်တွေငြိလိုက် (တင်ပါ)၊ အင်း. . . မျက်ရည်ကျဖို့တော့ မြင်ပါ (တင်ပါဘုရား)။

ဒိပြင်ဘာရှိသေးတုံး (မရှိပါဘုရား)၊ မျက်ရည်ကျပြီး သကာလ အကောင်းသေလား အဆိုးသေလားလို့ မေးဖို့မလိုပါဘူး၊ အငြိမပြတ်လို့ရှိရင် အဆိုးသေ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဘဝတိုင်းဇရမ်းဇတာသေခဲ့ကြရ

ငြိကပ်တတ်တာ ဘယ်နဲ့ခေါ်ကြမယ် (သတ္တဝါပါဘုရား)၊ ငြိကပ်တတ်တာ သတ္တဝါရှင်းပလား (ရှင်းပါပြီဘုရား)၊ ဒါဖြင့်ကွာ တဲ့ ငြိကပ်တတ်တာ သတ္တဝါဆိုလို့ရှိရင်ဖြင့် ဘယ်ဘဝမဆို တပည့်တော်တို့ သေခြင်းကောင်းများ သေခဲ့ရရဲ့လားလို့ မေးကြည့် (တင်ပါ)၊ ကဲ (မသေခဲ့ရပါဘုရား)၊ မသေခဲ့ဘူး ဇရမ်း ဇတာချည်းပဲ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီအငြိမပြုတ်သ၍၊ အစေးမပြုတ်သ၍ ဇရမ်းဇတာ သေမှုကိုတော့ ရပ်စဲမှာမဟုတ်ပါဘူး (မရပ်စဲပါဘူး ဘုရား)၊ ရပ်စဲနိုင်ပ့ါမလား၊ အဲဒါဉာဏ်နဲ့ကြည့်တော့မှ ဩော် . . ဟုတ်ပါလား၊ ဘုရားဟောတော်မူတာ ဟုတ်ပါလား၊ ဆရာ သမားသတိပေးတာ ဟုတ်ပါလား၊ ဒီအတိုင်းဆိုရင် အခက်ကြီး ပါလား၊ မျောက်ထောင်ထားတဲ့အစေးက မျောက်နဲ့ကို သွားတွေ့ နေပါပေ့ါလား၊ မျောက်သေသေရပုံရနေပါပေ့ါလား ဘယ့်နဲ့တုံး ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဘာသေသေရပုံရနေတုံး

ဦးတင်မောင်ရဲ့ ဘာသေ သေရပုံ ရနေတုံး (မျောက်သေ သေရပုံရနေပါတယ်ဘုရား)၊ မျောက်ကလည်း သူ့အသေကမင်း၊ သူများက သူ့အသားစားချင်လို့ ဒီအစေးနဲ့ ထောင်ထားတာ (တင်ပါ) မိတာက တစ်မျိုး၊ သတ်ချင်ရတာတစ်မျိုး (တင်ပါ)။

မိတာက အစေးနဲ့ထောင်ထားလို့မိတယ်၊ ဗရမ်းဗတာ လိမ့်ကျလို့ ဟိုကထင်သလို စီမံနိုင်တယ်ဆိုတော့ ဘယ်မှ မပြေး နိုင်တော့ပဲကိုကွ (တင်ပါ)၊ ပြေးနိုင်သေးရဲ့လား (မပြေးနိုင်ပါ ဘုရား)။

အဲဒါ မင်းတို့က အသေကြောက်လို့ သား လင် ခင်ပွန်း သားသမီးများအပေါ် ဖွယ်ဖွယ်ရာရာရှိအောင် တင့်တောင့် တင့် တယ် ရှိအောင်လို့ တည်ထောင်နေကြငြားသော်လည်း ငြိကပ်ပြီး သကာလနေတော့ အနေကောင်းလည်း ဆိုလို့မရဘူး၊ နေလည်း ငြိနေတာပဲ၊ အသေကောင်းကော (ဆိုလို့မရ ပါဘူးဘုရား)၊ နောက်ဘယ်ဟာကောင်းသေးတုံး ပြောပါဦး ဒါဖြင့် (ဘယ်ဟာမှ မကောင်းပါဘုရား) ဟော့-အေးမောင် ဘယ်ဟာကောင်းသေးတုံး ကွ (အကောင်းမရှိပါဘုရား)။

## ငြိကပ်မှုပေါင်းဘယ်လောက်ရှိတုံး

အနေကောင်းလည်း ငြိကပ်နေတာပဲ၊ ငြိကပ်နေတာက

ကြည့်ပါလားကွ ကိုယ့်ခန္ဓာကိုယ်ကြီးကို ငြိကပ်တာကတစ်မျိုး၊ သားသမီးခန္ဓာကိုယ် ငြိကပ်တာက တစ်မျိုး၊ ပစ္စည်းတွေငြိကပ်နေတာက (တစ်မျိုးပါဘုရား)၊ တစ်မျိုးဆိုတော ငြိကပ်မှုပေါင်း ဘယ်လောက်ရှိတုံး (မရေတွက်နိုင်ပါဘူးဘုရား) မရေတွက်နိုင်ဘူး။

အဲဒီ ငြိကပ်မှုတွေကြောင့် မင်း အခုကြည့်စမ်း မတရားသဖြင့် ငွေစားခြင်း၊ မတရားသဖြင့် သတ်ကြဖြတ်ကြ၊ မတရားသဖြင့် လုကြ ယက်ကြဆိုတော့ ဒါငြိကပ်မှုကလာတာ (တင်ပါ)။

ဒါတွေ ငြိနေတဲ့အတွက် ဒါတွေစားဖို့၊ ဒါတွေသောက်ဖို့ (မှန်ပါ)၊ ဒါတွေပြုစုပျိုးထောင်ဖို့၊ ဒါတွေ လူချင်းတူတူဖြစ်ဖို့ဆိုတော့ ငြိကပ်မှုကြောင့် သူမှာ အကုသိုလ်အလုပ် လုပ်ဖြစ်တာ (တင်ပါဘုရား) နို့မဟုတ်ရင် လုပ်ဖြစ်ပ့ါမလား (မလုပ်ဖြစ်ပါဘူးဘုရား)။

တစ်ခါ အမောအပမ်းခံတာတွေကော (ငြိကပ်နေလို့ပါဘုရား) အင်း. . . မြစ်ကူးချောင်းခြားသွားပြီးသကာလ အသေမကြောက် သွားရေးလာရေးရှိတာတွေကော - (ငြိကပ်မှုရှိနေလို့ပါဘုရား)၊ ဟ-ငြိကပ်မှုဟာ ဒါဖြင့် အသေထဲ အမောထဲချည်းတွန်းချနေတာပဲဆိုရင်ကော ဒါဘယ်က လက်သည်တုံး (ငြိကပ်မှုပါဘုရား)။

ငြိကပ်တာ ဘာခေါ်ကြမယ် (သတ္တဝါပါဘုရား)၊ အဲ သတ္တဝါဖြစ်နေတဲ့အတွက် ဒါငြိကပ်နေတာပဲ (တင်ပါဘုရား)၊ ရှင်း ပလား (ရှင်းပါပြီဘုရား)။

## ငါ့ကိုယ်၊ ငါ့ဟာမဟုတ်ဘူး

ဒါဖြင့် နေ့တိုင်း ဆရာသမားက ဟော့မောင်အောင်ချီ မင်း ဝိပဿနာရှု၊ လှည့်ရှုဆိုတော့ ဒါတွေဟာ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ဘူးဆိုတာ သိအောင်လို့၊ သူ့ဟာသူဖြစ်၊ သူ့ဟာသူ ပျက်နေတာပဲ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာမဟုတ်ဘူးလို့သိလို့ရှိရင် ငြိသေးရဲ့လား (မငြိပါဘူးဘုရား)။

## မင်းတို့လုပ်နေတာအလုပ်မှန်

မငြိတော့ ဒီယောဂီဟာ မလွတ်လပ်ဘူးလား (လွတ်လပ် ပါတယ်ဘုရား)၊ ဒါဖြင့် မင်းတို့ လုပ်နေတဲ့အလုပ်ဟာ အလုပ်မှန် ပေါ့ (တင်ပါဘုရား)၊ သဘောကျရဲ့လား ဘာတဲ့တုံး (အလုပ်မှန် ပါဘုရား)၊ အလုပ်မှန်ပဲ။

ဘာလုပ်နေတာတုံး ငြိကပ်မှု ဖြတ်နေတာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ငြိကပ်မှုဖြတ်နေတာ ကြံဖန်ဖြတ်ရတာလားဆို တော့ သူ့မမြင်သေးတဲ့ပုဂ္ဂိုလ်၊ ဖြစ်ပျက်မမြင်သေးတဲ့ပုဂ္ဂိုလ်ဟာ ငြိကပ်တာ (တင်ပါ)။

## ဖြစ်ပျက်မြင်လာတော့၊ ငြီးတွယ်စရာမရှိ

ဖြစ်ပျက်မြင်လာတော့ ငြီးစရာ၊ ကပ်စရာ တွယ်စရာကော (မရှိပါဘုရား)၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဉစ္စာကော (မဟုတ်ပါဘူးဘုရား)၊ ဒါကြောင့် မင်း ဒီဖြစ်ပျက်ရှုကွ၊ ဖြစ်ပျက်မုန်းအောင်လုပ်ကွဆိုတာ ငြီးကပ်မှုသတ်နေတာ (တင်ပါ)။

## ဖြစ်ပျက်ဆုံးတော့ငြီးတွယ်မှုသေတယ်

ဖြစ်ပျက်ဆုံးအောင်လုပ်ပါကွဆိုတော့ ဘာမှ ခင်တွယ်မှု မရှိလို့ငြီးကပ်မှုသေမသွားပေဘူးလား (သေသွားပါတယ်ဘုရား) ငြီးကပ်မှု သေသွားတဲ့အခါကျတော့ အင်းဘယ်သူ့လက်တွင်းမှ ခေါင်းဆင်းပြီးသေစရာရှိသေးရဲ့လား (မရှိပါဘူးဘုရား)။

ဘယ်သူထောင်ထားတဲ့အစေးကော လက်နဲ့ခြေနဲ့ နှိုက်မိတယ်လို့ (မရှိပါဘုရား)၊ မရှိတာ အန္တရာယ်ကင်း၊ ဘေးရှင်းဆိုတဲ့ အဓိပ္ပါယ်က ဘာပြောဖို့လို့သေးလဲ (မလိုပါဘူးဘုရား)၊ ဒါဖြင့် သတ္တဝါဆိုတဲ့ နာမည်ဟာ မကောင်းဘူး (တင်ပါ)၊ ဘယ်လိုဆုံးဖြတ်ချက်ချမယ် (သတ္တဝါဆိုတဲ့ နာမည်မကောင်းပါဘုရား)၊ မကောင်းဘူးလို့ ဆုံးဖြတ်ချက်ချ။

ဘာဖြစ်လို့တုံး ငြီကပ်တတ်တာ ဘာခေါ်ကြမယ်

(သတ္တဝါပါဘုရား)၊ ငြိကပ်နေတဲ့ ပုဂ္ဂိုလ်အပေါင်းမှာဖြင့် အနေဆိုး နှင့် အသေဆိုးချည်းပဲ (တင်ပါဘုရား)၊ ဘယ်နဲ့ဆိုမတုံး (အသေ ဆိုးနဲ့အနေဆိုးချည်းပါဘုရား)။

ငြိကပ်ပြီးတော့ နေတဲ့ပုဂ္ဂိုလ်ကျတော့ သားငြိတယ်ဆိုရင် သားမမာလို့ပြေးရတာနဲ့၊ သမီးမမာလို့ပြေးရတာနဲ့ (တင်ပါ) ကြာတော့ ခြေများတိုချည်ရဲ့လို့ညည်းသေး (တင်ပါ)။

## ငြိစရာတွေကပေါလွန်းတယ်

ဘယ်နဲ့ကြောင့် ဟိုငြိ သည်ငြိဖြစ်နေတာကိုဟာ၊ ငြိစရာ တွေကလည်း ပေါပေါလွန်းလှတယ်၊ အဲတော့ ဘာဖြစ်လို့ သွားပါ လိမ့်မဆိုတော့ လူ လူချင်းတော့ ပြောလို့ကောင်းတာပေါ့ (တင်ပါ ဘုရား)။

အို. . . ဘယ်သူက ဘာဖြစ်နေလို့၊ မကောင်းတရားက ရှိနေတယ် (တင်ပါ)၊ ဒါ ဟုတ်ပေလိမ့်မယ်လို့ လိုက်နေတာပဲ၊ သေခြင်းဆိုး သေလိမ့်မယ်လို့ ငါလို့ပြောရဲ့လား (မပြောပါဘူး ဘုရား)။

သူလည်းသတ္တဝါထဲကဖြစ်နေတော့ကျုပ်တို့လည်း ဒီလိုပဲ လို့တာဝန်ခံတာပဲ (တင်ပါ)၊ မခံဘူးလား၊ ကိုင်း (ခံပါတယ်ဘုရား)။

ကျုပ်တို့လည်း ဒီလိုသွားနေတာပါပဲ၊ မင်းတို့က တော်တော်သေးတယ်၊ ဒို့က ဒီထက်ဆိုးတယ် အမယ်

သူကတောင် ဂုဏ်ယူလိုက်သေးတယ်၊ မယူဘူးလား (ယူပါတယ် ဘုရား)။

## မျက်မမြင်ဆင်ပြသလို

အဲဒီတော့ မသိတဲ့လူထဲမှာ မျက်လုံး မမြင်တဲ့ လူ၊ ဆင်ပြနေသလို ဖြစ်နေတာကွ (တင်ပါ)၊ မျက်လုံး မမြင်တဲ့ လူ၊ ဆင်ပြတော့ ရှင်ဘုရင်တစ်ယောက် မျက်လုံးမမြင်တဲ့လူတွေ အကုန်ခေါ် ခဲ့ပေါ့ တိုင်းပြည်ထဲမှာ ဆင်ပြတယ်။

သူတို့က စမ်းကြည့်မှ သိမှာကို (တင်ပါ)၊ နှာမောင်းစမ်းကြည့်တဲ့လူကတစ်ယောက်၊ ခြေထောက်စမ်းကြည့်တဲ့ လူက တစ်ယောက်၊ နားရွက်စမ်းကြည့်တဲ့လူက တစ်ယောက်၊ အမြီးစမ်းကြည့်တဲ့လူက တစ်ယောက်၊ နောက်ခေါ်ပြီးတော့မေးတယ် ရှင်ဘုရင်က ဆင်ဆိုတာ ဘယ်နဲ့နေတုံး၊ အိုး. . . ဆင်ဆိုတာ တံမြက်စည်းနဲ့တူတယ်ပြောတာပဲ၊ အမြီးစမ်းကြည့်တာကို သူဟာက၊ အမြီးစမ်းကြည့်တော့ တံမြက်စည်းနဲ့ တူသလိုဖြစ်နေတော့ သူစမ်းမိရာပဲ သူဟာ ဟုတ်တယ် ထင်နေတာ (တင်ပါ)။

## အကန်းတွေပြောတာအမှန်ဟုတ်ကဲ့လား

စဉ်စစ်တော့ သူတို့အကန်းတွေပြောတာ တစ်ယောက်မှ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဘုရား)၊ တစ်ယောက်ကလည်း

ချည်တိုင်ကြီးနဲ့တူတယ်၊ တစ်ယောက်ကလည်း ဗူးနွယ်ကြီးနဲ့ တူတယ် တစ်ယောက်ကလည်း စကောကြီးနဲ့ ထူတယ်နားရွက် စမ်းမိတဲ့လူက (တင်ပါ)၊ တစ်ခုမှ မှန်ရဲ့လား (မမှန်ပါဘူးဘုရား)။

အင်း. . . နင်တို့ချင်း ပြောနေကြတာ တစ်ယောက်မှ မမှန်ဘူး (တင်ပါ)၊ မျက်စေ့ကန်းတွေ စမ်းမိရာ ပြောတာပဲကွ၊ ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား)။

## အကန်းတွေထဲမှာနေလို့တရားမရ

အဲတော့ လူထဲမှာနေလို့ တရားရလိမ့်မယ်ဆိုတဲ့ သဘောကတော့ မရှိဘူးတဲ့၊ ဘာဖြစ်လို့ မရှိတုံး၊ အကန်းတွေမို့ လို့ (တင်ပါ)၊ ရိပ်မိပလား (တင်ပါ)။

အမြီးစမ်းမိတဲ့လူက ဆင် တံမြက်စည်းနဲ့တူပါတယ်ဆို တော့ မခက်ဘူးလား၊ အေးမောင်တို့ ဘာများစမ်းမိနေတုံး မပြော တတ်ပါဘူးကွာ။

ခုနက စုံလုံးကန်းချည်းစုပြီး ကိုယ်ထင်ရာ ကိုယ်ပြော၊ ကိုယ်စမ်းမိရာ ကိုယ်အဟုတ်ထင်၊ ဒီအဓိပ္ပါယ် မနေဘူးလား (နေပါတယ်ဘုရား)၊ ဒို့ပြင်ဘာမှ သူထူးထူးခြားခြား တစ်ကောင် လုံးမြင်တဲ့ လူပါရဲ့လား (မပါပါဘူးဘုရား)။ ဘာဖြစ်လို့တုံး၊ စုံလုံး ကန်းတွေကိုကွ၊ အဲဒီလိုဖြစ်ပြီးသကာလနေတာ အေးမောင်ရ (တင်ပါဘုရား)။

## စုံလုံးကန်းတွေက ရှေ့မှီနောက်မှီပြောကြတယ်

မင်းတို့ ရွာထဲ မြို့ထဲပြောဆိုနေကြတဲ့စကားတွေ တစ်ယောက်က တစ်ယောက် သင်ပြနေကြတဲ့ လူကြီးသူမက ပြောဆိုနေကြတဲ့စကားတွေဟာ သူမြင်တာ သူပြောတာပဲကွ (တင်ပါ)။

ငါပြောတာနားမထောင်ဘူး ငါကရှေ့မှီ နောက်မှီလို့သာ ဆိုတယ် စုံလုံးကန်းသူက ရှေ့မှီနောက်မှီလို့တော့ သူပြောချင် ပြောမှာပဲ၊ ပြောပင် ပြောငြားသော်လည်း စုံလုံးကန် စမ်းမိရာ ပြောတာပဲ (တင်ပါ)၊ မပြောပေဘူးလား (ပြောပါတယ်ဘုရား)။

## အခုတော့ စုံလုံးကန်းမဟုတ်တော့ဘူး

အဲတော့ကို အခုတော့ သိပြီတဲ့ စုံလုံးကန် မဟုတ်ဘူး ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ ဒီနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု၊ သာဓု၊ သာဓု။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ဆင်ခြေလဲရင်၊ သေချင်သေးလို့ပဲ

ဟောကြားသည့်နေ့ (၄-၆-၆၀)

သေမင်းက ဆုတောင်းရတာလား၊ ဝေးဝေးရှောင်ရတာလား (ဝေးဝေးရှောင်ရတာပါဘုရား)၊ ဝေးဝေးရှောင်ရတာကို ၁င်လျင် ဆုတောင်းယူနေတော့ အဲဒါမသိတဲ့အဝိဇ္ဇာကြောင့် သူကဒုက္ခသစ္စာကိုက္ခ။

ဒုက္ခသစ္စာဆိုတာ ကိန်းရာ ပုဂ္ဂိုလ်ကိုသတ်တာကို ဒုက္ခသစ္စာဆိုတာပဲ၊ ပီဠနဋ္ဌော - ညှာတာမဖတ် အမြဲနှိပ်စက်သတ်ဖြတ်တာကိုဆိုတာပဲ။

## ခန္ဓာငါးပါးကဒုက္ခသစ္စာ

အဲတော့ ခန္ဓာငါးပါးက ဒုက္ခသစ္စာတရား၊ ဒုက္ခသစ္စာတရားဆိုတာသည် သတ္တဝါကို သေအောင်လုပ်တဲ့ ဒုက္ခလည်း ဒီခန္ဓာငါးပါးကပေးတာပဲ သဘောကျပလား (ကျပါပြီဘုရား)။

အပါယ်ရောက်အောင် ဒုက္ခတွေပေးတာကို ဒီခန္ဓာငါးပါးကြောင့် ဖြစ်ရတဲ့ ဒုက္ခတွေလို့ဆိုရင်ကော လွဲသလား (မလွဲပါဘူးဘုရား) သူ့ကျွေးဖို့ သူ့မွေးဖို့ရှာရတာနဲ့ပဲ အကုသိုလ်တွေရောက်လာ၊ ရောက်လာတဲ့အကုသိုလ်တွေက အပါယ်ချလိုက်တော့ သူ့ကြောင့်ရောက်ရတာလို့ လက်သည် အရင်းရှာလိုက်တော့ မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)။

## ခန္ဓာငါးပါးကဘာတရားနဲ့တူသတုံး

ဒါဖြင့် ခန္ဓာငါးပါး ဘာတရားနဲ့တူတုံး နှိပ်စက်တတ်တဲ့ သူသတ်ယောက်ျားနဲ့တူတယ်လို့မှတ်ထားပါ၊ သူသတ်ယောက်ျား အစစ်ပါပဲ (တင်ပါဘုရား)။

ဒါကြောင့် "ရူပေခေါ ရာဓ သတိ မာရောဝါ အဿ" ရာဓ-ရာဓရဟန်း၊ ရူပေ ရုပ်တရားသည်၊ သတိ-ရှိခဲ့သော် မာရော-သတ်တတ်သည်၊ အဿ-ဘဝေယျ-ဖြစ်ရာ၏၊ ရုပ်တရားရှိရင်တော့ မင်းသတ်လိမ့်ဦးမည် သဘောကျပြီလား (ကျပါပြီဘုရား)။

ဝေဒနာရှိရင်ကော သတ်ဦးမှာပဲ သညာရှိရင်ကော (သတ်ဦးမှာပါဘုရား)၊ သင်္ခါရဆိုတဲ့ခန္ဓာရှိရင်ကော (သတ်မှာပါဘုရား)၊ ဝိညာဏ်ဆိုတဲ့စိတ်ရှိနေရင်ကော (သတ်မှာပါဘုရား)၊ ဪ. . . မင်းတို့ ဘယ်သူနဲ့ အတူတူနေပါလိမ့်မတုံးလို့မေးလို့ရှိရင် ဘယ်နဲ့ဖြေကြမတုံး (သေမင်းနဲ့အတူနေကြပါတယ်ဘုရား)။

## နင့်ကိုသေမင်းလွှတ်အောင်လို့ပြောတာ

အန္တရာယ်ကင်းပါ့မလား မေးလို့ရှိရင် အတူတူနေရင်တော့ မကင်းပါဘူး (တင်ပါ) ခွဲနိုင်ရင်တော့ (ကင်းပါတယ်ဘုရား) ဒါဖြင့် လူညွန့် သေသေချာချာလုပ်ပါ၊ နင့်ကို သေမင်းလွှတ်အောင်လို့လို့ ပြောတာ မမှန်ဘူးလားကဲ (မှန်ပါတယ်ဘုရား)။

အဲဒါ မင်းတို့ ဒီနေ့ ထူးထူးထွေထွေ သိရတဲ့အတွက် ဘုရားက ရာဓရဟန်းပေါ့တဲ့အတွက် ဪ. . . ဒီဟာတွေ အဖြစ်အပျက် ဒီဟာတွေမရှိအောင် ဒီဟာတွေမလိုချင်အောင် ရှုခိုင်းနေတာ၊ သေမင်းလွှတ်အောင်လုပ်နေတာ ပေါ်ပလားကွ (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ အချင်းချင်း သေသတဲ့ဟော့၊ ဘယ်သူ၊ ဘယ်ဝါကြားကြရဦးမှာကွ၊ မကြားရပေဘူးလား (ကြားရပါတယ်ဘုရား)၊ ဘာဖြစ်လို့တုံး၊ ဘယ်သူ့လက်ချက်နဲ့တုံးလို့ မေးလို့ရှိရင်

အို ... ဘယ်သူ့လက်ချက်နဲ့မှမဟုတ်ဘူး၊ သူ့ခန္ဓာထဲက သေမင်းတွေကသတ်တာနဲ့ သူသေတာပဲ။

ဆေးတွေ ဝါးတွေနဲ့ မတားဘူးလား၊ မရဘူး၊ သူယူလာတဲ့ လက်နက်နဲ့ သူအသက်ထွက်ရတယ် မဆိုနိုင်ဘူးလား(ဆိုနိုင်ပါတယ်ဘုရား)။

## အသေလွတ်ကိုအရှာခိုင်းနေတာ

အဲဒီတော့မှ မင်းတို့အလုပ်ခိုင်းတဲ့ ဝိပဿနာက ဘာတုံး အောက်မေ့နေတယ်၊ ကိုယ့်အတွက်ချမ်းသာအစစ်၊ အသေလွတ်ကို အရှာခိုင်းနေတာကို ဆိုတာ ပေါ်လာတယ် (ပေါ်လာပါတယ်ဘုရား)၊ ပေါ်ပါတယ်၊ ဒါဘုရားက အသေအချာ ဟောတာပဲ (တင်ပါ)။

ခုနင်က သေပုံပြောလိုက်တော့ကော မဟုတ်ဘူးလား ဟုတ်ပါတယ်။

## ကိုယ်ကပြန်သတ်ပါ

ကောင်းပြီ၊ ဒါဖြင့် သူတို့က မသတ်ခင် ကိုယ်ကသတ်မှပဲ ကိုယ်အသေလွတ်မှာပဲ (တင်ပါဘုရား)၊ ဒါကြောင့် **"မာရေတာဝါအဿ"** ရူပေ-ရုပ်တရားသည်၊ မာရေတာ - မိမိကသတ်အပ်သည်၊ ဟောတိ-ဖြစ်၏။ ကိုယ်ကပြန်သတ်ပါ။

## သူ့ကိုမလိုချင်တဲ့ဉာဏ်လာတယ်

ပြန်သတ်ဆိုတာ တခြားမဟုတ်ဘူးဉာဏ်နဲ့သတ်လိုက်တဲ့ အခါကျတော့၊ သူ့ကို မလိုချင်တဲ့ဉာဏ်လာတဲ့အခါကျတော့ သူက အရှုံးပေးသွားတယ် (တင်ပါ)၊ အရှုံးပေးသွားတော့ သူချုပ် ပျောက်သွားတယ်။

ချုပ်ပျောက်သွားတဲ့အခါကျတော့ ဒီဘဝ သူ့ကို ကိုယ်က အနိုင်ယူထားတဲ့အတွက် ကိုယ်ကသာ သူ့သတ်နိုင်တော့တယ်၊ သူက ကိုယ့်သတ်ဖို့ ဝတ္တရားမရှိတော့သည့်အတွက် ဒီပုဂ္ဂိုလ်ဟာ နိစ္စနိဗ္ဗာန်။

## အမြဲချမ်းသာနေတယ်

သုခ နိဗ္ဗာန်ဆိုတာ အမြဲချမ်းသာမနေဘူးလား (တင်ပါ) ဒါဖြင့် ဘယ်နဲ့လုပ်ကြမတုံး ခါတိုင်းတော့သူကချည်း သတ်တယ် ဒီတစ်ခါ ဘယ်နဲ့လုပ်ကြမတုံး၊ ကိုယ်ကပြန်သတ်ဆိုတော့ သူ့မလို ချင်လို့ရှိရင်မရဘူး၊ မရချင်လို့ရှိရင် သူထွက်သွားမှာပဲ၊ (တင်ပါ)။

နဂိုရချင်လို့ယူထားတော့ ဆုတောင်းနဲ့ယူထားတာပဲ အဲဒါတွေ ဇာတ်သိမ်းလိုက်တယ်ကွာ၊ ကဲ-မင်းဆုတောင်းနဲ့ယူ ထားတာ၊ မှားလို့တောင်းတာအခုတော့ဖြင့် မင်းအကြောင်း သိအောင်လုပ်ပြီး မင်းကိုမလိုချင်တဲ့ ဉာဏ်ရအောင် ဆရာသမား အကူအညီနဲ့၊ ဘုရားအကူအညီနဲ့ လုပ်လိုက်မယ်ဆိုတော့သူတို့ ချုပ်ပျောက်သွားမယ့်တဲ့ ခန္ဓာငါးပါး (တင်ပါ)။

## ကြိုးစားလုပ်ပါလို့ဆရာမှာတယ်

ခန္ဓာငါးပါးချုပ်တာက သူသတ်ယောက်ျားတွေချုပ်သွားတာ(တင်ပါ)၊ ခန္ဓာငါးပါးချုပ်တာလား၊ သူသတ်ယောက်ျား မရှိတာလားလို့ မေးပြန်လို့ရှိရင် (သူသတ်ယောက်ျားမရှိတာပါဘုရား)။

ဒါဖြင့် အားကိုးတဲ့ယောဂီပုဂ္ဂိုလ်ကို သူသတ်ဖို့ရာဝတ္တရားရှိသေးရဲ့လား၊ ရှိရင်သတ်မှာ (တင်ပါ)၊ မရှိရင် (မသတ်ပါဘူးဘုရား)၊ မရှိရင်မသတ်ပေဘူးဆိုသဖြင့် ဩော်-မောင်အောင်ချိမင်းကြိုးစားလုပ်၊ လှညွှန့်ကြီးကော ကြိုးစားလုပ်ပါလို့ ဆရာသမားက မှာတယ် (တင်ပါ)။

## ဆင်ခြေလဲရင်သေချင်သေးလို့ပဲ

ကိုယ်ကသာ မလုပ်ချင်နေလို့ ကိုယ့်သတ်မည့်သူကိုအန္တရာယ်ကင်းအောင်လို့ လုပ်ခိုင်းတာ ဟုတ်ဘူးလား၊ ဒါများပျင်းနေတဲ့လူ ဘယ်ကိစ္စ ညာကိစ္စတွေနဲ့ ဆင်ခြေလဲနေတဲ့ပုဂ္ဂိုလ်များ၊ သေချင်သေးလို့ပဲ (တင်ပါ) ဆိုထိုက်မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

ဉာဏ်နဲ့ကြည့်မှနော် ဉာဏ်နဲ့မကြည့်လို့ရှိရင်ဖြင့် ဘုန်းကြီးက တိုက်တွန်းတာ ကိုယ်ကလည်း မအားဆိုတော့ အင်းမင်းမအားနေရင်သေလိမ့်ဦးမယ်၊ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါ

တယ်ဘုရား)၊ အဲဒါသိတဲ့လူကပြောမှ ဒီဥစ္စာမှန်လာတာကိုကွ မသိတဲ့လူကတော့ ကိုယ့်အထင်နဲ့ကိုယ်အရပ်စကားနဲ့ ညှိနေတာပဲ (တင်ပါ)။

## ပညာရှိနဲ့တော့မညှိဘူး

ပညာရှိနဲ့ မညှိဘူး (တင်ပါ) အရပ်က လူအ၊ လူပိန်းတွေနဲ့ပဲ ညှိနေတယ်။ အဲဒီလူပိန်းတွေနဲ့, လုပ်လိုက်၊ ကိုင်လိုက်၊ သွားလိုက်၊ လာလိုက်၊ စားလိုက် သေလိုက် ဒီလမ်းဆုံးနေတာပဲ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်နဲ့လုပ်ကြမတုံး (ကိုယ်ကသတ်ရမှာပါဘုရား) ကိုယ်ကသတ်ရမယ်ဆိုတော့ သူ့မလိုချင်တဲ့ဉာဏ်ရအောင် လုပ်ပစ်လိုက် (တင်ပါ)။

## သူ့မလိုချင်တဲ့ဉာဏ်ရအောင်လုပ်

မလိုချင်တဲ့ဉာဏ်ရအောင်လုပ်ပစ်လိုက်တဲ့ အခါကျတော့ ငါပြောတဲ့အတိုင်း ခန္ဓာငါးပါးဟာ ချုပ်မသွားပေဘူးလား (ချုပ်သွားပါတယ်ဘုရား)။

ချုပ်သွားလို့ရှိရင်ဖြင့် ခန္ဓာငါးပါးချုပ်တာလား၊ သူသတ်ယောက်ျားနဲ့ ကွဲသွားတာလား (သူသတ်ယောက်ျားနဲ့ကွဲသွားတာပါဘုရား)။

ဒါဖြင့် အားထုတ်နေတဲ့ယောဂီမှာ ဩော်. . . အန္တရာယ် ကင်းလို့ ဘေးရှင်းပေါ့၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) အဲဒါ ဉာဏ်နဲ့စဉ်းစားမှ ဆရာသမားတိုက်တွန်းတာ ဘာပါလိမ့် မလဲဆိုတဲ့ဉစ္စာ ဒီနေ့ထူးထူးခြားခြားပေါ်မလာဘူးလား (ပေါ်လာ ပါတယ်ဘုရား)။

## လိမ္မာစေချင်လို့ ဒီလောက်တိုက်တွန်းနေတာ

ဒို့ခင်လို့၊ ဒို့အတွက်စိုးရိမ်လို့၊ ဒို့အတွက် လိမ္မာစေချင်လို့ ဒို့အတွက် အန္တရာယ်ကင်းစေချင်လို့၊ ဒို့အသေလွတ်ပါစေလို့ ဒီလောက်တိုက်တွန်းနေတာကို (တင်ပါ) ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

နိုင်မှုလို့ရှိရင် တတ်နိုင်လို့ ဘုရင်ခံ၊ နန်းရင်းဝန်ဆိုတာ ဂုဏ် ပါဝါ-Power အကြီးဆုံးပဲ၊ အတော်ကြာတော့ သူသတ်ယောက်ျား လက်ထဲအသက်ထွက်တာပဲ၊ ရှာတွေ့ရဲ့လား (မတွေ့ပါဘူး ဘုရား)။

## ဂုဏ်တွေပစ္စည်းတွေကဘာတတ်နိုင်သေးတုံး

တော်ကြာသေပြီတဲ့၊ သေပြီတဲ့ ကြားနေရတာပဲ ဒါဖြင့် သူ့ဂုဏ်တွေက ဘာတတ်နိုင်သေးတုံး၊ သူ့ပစ္စည်းကကော (မတတ်နိုင်ပါဘုရား)၊ သူယူလာတဲ့သေမင်းနဲ့ပဲ သူသေတာ (တင်ပါဘုရား)။

အဲတော့ သူ့ကို လောကမှာတော့ ပညာရှိလို့တင်ထား ကြတယ်၊ ဒါပေမယ့် ပညာမရှိလို့ အသေခံရတာ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်နဲ့လုပ်ကြမတုံး (ကိုယ်ကသတ်မှပါဘုရား) ဉာဏ်နဲ့သတ်ရမယ်၊ သူကဉာဏ်မရှိတုန်းကလာထားတာ ဉာဏ်မရှိလို့တဏှာနဲ့ ဆုတောင်းထားတော့ သူဉာဏ်မရှိတုန်းက လာထားတာ (တင်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

## သတ်မည့်လူနဲ့အတူတူနေ

ဉာဏ်မရှိတုန်းက လာထားတဲ့ ဥစ္စာတော့ ကိုယ်လည်း မသိ၊ မသိလို့တောင်းထားတာ၊ သတ်မည့်လူနဲ့ အတူနေရပါလို၏ (တင်ပါ) သတ်မည့်လူနဲ့အတူနေရပါလို၏ဆိုတဲ့ ဆုတောင်း ဟာ အတော်ဆိုးတယ်ဟ (တင်ပါဘုရား)။

သေသေချာချာ စဉ်းစားကြည့်မှ (တင်ပါ)၊ နတ်ဖြစ်ရပါ၏ ဆိုတာ နတ်ခန္ဓာငါးပါးသတ်မည့်လူနဲ့ အတူတူနေရပါလို၏၊ အခု ကုသိုလ်ပြုတဲ့လူနဲ့ အတူနေရပါလို၏၊ ဒီလောက်ဆိုးဝါးနေတဲ့ ဥစ္စာ တကယ့်စုံလုံးကန်းလုပ်နေတဲ့အလုပ်လို့ဆိုသာဆိုလိုက်ပါ (တင်ပါ) မှားများမှားသေးရဲ့လား (မမှားပါဘူးဘုရား)။

မမှားပါဘူးတဲ့ ဒါတွေအရှင်းသားပဲ၊ ဒါကသာမညနဲ့ ဘုရားပါဠိတော်တွေ ဒီလိုမှ မတွေးလို့ရှိရင် နောက်ဘဝ ကောင်း စားရေးတောင် ထင်လိုက်သေးတယ် (တင်ပါ)။

## ဘဝဆုတောင်းတာသေချင်သေးလို့

ထင်စရာများရှိရဲ့လား (မရှိပါဘူးဘုရား)၊ သေချင်သေးလို့ သာမှတ်ရုံပဲ (တင်ပါ)၊ ရှင်းပလား(ရှင်းပါပြီဘုရား)၊ ဘာဖြစ်ချင် တယ်လို့ ဆုတောင်းနေတာတုံး၊ ဘဝများဆုတောင်းတာလေ (သေချင်လို့ပါဘုရား)။

အမလေး အခုမသေရသေးလို့လားမေးရင် မေးဖို့ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)၊ ဒါဖြင့် ခန္ဓာငါးပါး သူသတ်ယောက်ျားလို့ ဘုရားက ရာဇကို သေသေချာချာ ဟောတယ်၊ အဲတော့ ဘယ့်နဲ့လုပ်ရမှာတုံးလို့ မေးတော့ **"ရူပေခေါ ရာဓ သတိ မာရောဝါအဿ"** ရာဓ = ရာဓ၊ ရူပေ = ရုပ်တရားကြီးသည်၊ သတိ = ရှိသော်၊ မာရော = သတ်တတ်သည်၊ အဿ-ဘဝေယျ = ဖြစ်ရာ၏။

သူရှိနေရင် မင်းသတ်မှာပါပဲ အဲတော့ မာရေတာဝါ- လုပ်ပါ၊ မာရေဘာဝါ - မိမိကသတ်အပ်သည်၊ ဟောတိ-ဖြစ်၏။ ကိုယ်ကပြန်သတ်ပါ (တင်ပါ)။

သူသာရှိနေရင် သေတတ်တယ်လို့သာမှတ်ထား၊ ခန္ဓာ ငါးပါးရှိနေရင် ဘယ်လိုမှတ်ကြမယ် (သေတတ်ပါတယ်ဘုရား) သေတတ်တယ်လို့မှတ်ရမယ်၊ ခန္ဓာငါးပါးရှိတဲ့ပုဂ္ဂိုလ်ဟူသ၍ မသေတဲ့ ပုဂ္ဂိုလ်ရှာတွေ့ရဲ့လား (မတွေ့ပါဘူးဘုရား)။

## အသေကျတော့အတူတူပါပဲ

အသက်ရှည်တာနဲ့ တိုတာသာ ခွဲလို့ရတာ အသေကျတော့ အတူတူပဲ၊ အသေကျတော့ အတူတူပဲဆိုတာ ရှင်းပလား (တင်ပါဘုရား) ဒါဖြင့်ကွာ မယောင်ကြပါနဲ့တော့၊ မမှားကြပါနဲ့တော့ဆိုတဲ့ ဥစ္စာ၊ တကယ့်အကျိုးစီးပွားအလိုရှိတဲ့ ပုဂ္ဂိုလ်မှန်က ပြောပေးရမယ် (တင်ပါဘုရား)။

မပြောရင် ဒီအတိုင်းသွားနေမှာပဲ ရောက်ရာသေပွဲနွှဲနေမှာပဲ၊ ရောက်ရာသေပွဲနွှဲနေမှာပဲ၊ ဒီ့ပြင်ဘာရှိသေးတုံး (မရှိပါဘူးဘုရား)။

ကောင်းပြီ ဒါဖြင့် သူ့ကို ဆုတောင်းအမှားကြောင့် အသတ်ခံရမည့်ဥစ္စာကို ကိုယ်ကမှန်သောဉာဏ်နဲ့ ကိုယ်ကသူ့ကို သတ်လိုက်လို့ရှိရင်ဖြင့် အန္တရာယ်ကင်းဘေးရှင်းပါတယ်၊ ဒီလို သတ်တဲ့ဉာဏ်မှ မရတော့ပါဘူးဆိုရင်ဖြင့် (၃၁) ဘုံမှာအလောင်းချင်းထပ်အောင် မြုပ်မယ့်သာပြင်ပေတော့ (တင်ပါ)၊ ဒီပြင်ဘာရှိသေးတုံး (မရှိပါဘူးဘုရား)။

## သူ့မလိုချင်တဲ့ဉာဏ်ရအောင်လုပ်

ဒါဖြင့် အခုဉာဏ်ရပလား (ရပါပြီဘုရား)၊ သူ့မလိုချင်တဲ့ ဉာဏ်ရအောင် လုပ်ရလိမ့်မယ် (တင်ပါ)၊ အခုမင်းလုပ်နေတာက အခုတစ်နံပါတ်ရောက်ပြီ၊ နှစ်နံပါတ်ဆိုရင် မကြာတော့ဘူး

(တင်ပါ)၊ နှစ်နံပါတ်ရောက်ပြီး၊ သုံးနံပါတ်ဆိုတာဟာ မိနစ်၊ စက္ကန့်နဲ့ ရောက်တာမျိုး၊ အဲဒီလိုချုပ်တာသိတယ် ဆိုလို့ရှိရင်တော့ ခန္ဓာငါးပါး မရှိတော့ဘူး၊ မရှိတဲ့နေရာမြင်ရပြီဆိုရင် ဩော် . . . သူသတ် ယောက်ျား ကင်းတဲ့နေရာရောက်ပေတယ်ဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒါဖြင့် ဖြစ်ပျက်ကိုမြင်လို့ရှိရင် သူသတ်ယောက်ျားကိုမြင်ပြီလို့ မင်းတို့မှတ်ထားကြပါ၊ သတ်မည့် ပုဂ္ဂိုလ်သူတို့ပဲ၊ နှိပ်စက်မည့် ပုဂ္ဂိုလ်သူတို့ပဲလို့ မသိရဘူးလား (သိရပါတယ်ဘုရား)။

ဒါကြောင့် ဒုက္ခသစ္စာလို့ ငါက သတိပေးထားတာ (တင်ပါ) သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်နေတာက ဆုတောင်းတဲ့ပုဂ္ဂိုလ်ကို နှိပ်စက်တာ၊ သူ့ကို ကျွေးမွေးနေတဲ့ ပုဂ္ဂိုလ်ကို နှိပ်စက်တယ်၊ သူ့ရေချိုးပေးနေတဲ့ပုဂ္ဂိုလ်ကို (နှိပ်စက်ပါတယ်ပါဘုရား)။

## ကျားကိုအစာခွံ့ကျွေးနေတာ

အမလေး - ဒါတောင်မှ အားမရနိုင်ဘူး၊ ပူဇော်လို့ပသလို့ (တင်ပါ)၊ ပူဇော်ပသလို့အားမရနိုင်ဘူးဆိုတာ၊ ကျားဆိုတဲ့ အကောင်မျိုးဟာ ဘယ်လိုပဲကျွေးကျွေး မယဉ်ဘူးမဟုတ်လားကွ (တင်ပါဘုရား)၊ အဲတော့ မင်းတို့ကလည်း ခန္ဓာကိုယ်

ကျားကြီးကို တစ်ခါတည်းအမွန်းတင်ပြီး သကာလ - အမျိုးမျိုး ကားဝယ်ပေးလိုက်၊ တိုက်တည်ပေးလိုက်၊ အမျိုးမျိုး အဝတ် အထည်တွေ ကောင်းနိုးရာရာတွေ တန်ဆာဆင်ပေးလိုက်၊ ကျား ကို အစားခွံ့ကျွေးနေတာနဲ့ အတူတူပဲ၊ တစ်နေ့နေ့တော့ ကိုက် သတ်မှာပါပဲ (မှန်ပါဘုရား) ဆိုနိုင်ကြပလား (ဆိုနိုင်ပါတယ် ဘုရား) သဘောပါပလား (ပါပါပြီဘုရား)။

## တော်ကြာကျားကိုက်လို့သေရမယ်

ဒါဖြင့် မင်းတို့က လူမိုက်မို့ ကျားယဉ်ကျေးမလားလို့ အစာကျွေးတာ တော်ကြာ ကျားကိုက်လို့သေတဲ့ အဓိပ္ပါယ် ရောက်ရမည် (မှန်ပါ) မရောက်ပေဘူးလား (ရောက်ပါတယ် ဘုရား)။

အဲဒါကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားကို ဘာခေါ်ကြ မယ် (သူသတ်ယောက်ျားပါဘုရား)၊ သေမင်း၊ လောက အသုံးအနှုန်းနဲ့တော့သေမင်း၊ သတ်မယ်လို့ရှယ်နေတဲ့ပုဂ္ဂိုလ်တွေ၊ တစ်နေ့နေ့တော့ သတ်မှာပဲ၊ ငါးယောက်စလုံးမင်းကိုသတ်မှာ မဟုတ်ဘူး၊ တစ်ယောက်သတ်တာနဲ့ပဲသေရမှာပဲဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် အခုဆရာဘုန်းကြီးက မင်းတို့ကို တိုက်တွန်းနှိုးဆော်ပြီးသကာလ ဟော့ မောင်အောင်ချိုလုပ်ကွ၊ ဘုန်းကြီးက တိုက်တွန်းတာ အောက်မေ့မနေနဲ့၊ ကိုယ့်အန္တရာယ်ကင်းအောင် ကိုယ်လုပ်နေရတယ် အောက်မေ့ (တင်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဘုန်းကြီးတိုက်တွန်းတာစောင့်မနေနဲ့တော့

ဘုန်းကြီးက တိုက်တွန်းလို့လုပ်နေတာလား၊ ကိုယ်အန္တရာယ်ကင်းအောင် ကိုယ်လုပ်နေတာလား (ကိုယ်အန္တရာယ်ကင်းအောင် ကိုယ်လုပ်နေတာပါဘုရား)။

အဲဒါဘုန်းကြီးတိုက်တွန်းတာ စောင့်မနေနဲ့တော့ ဒီကရှေ့ကို ဆရာသမားမို့ ရင်းနှီးလုပ်နေရတာပဲ၊ ကျုပ်ကတော့ ခတ်ပျင်းပျင်းပဲလို့ လုပ်မနေနဲ့၊ ကျုပ်ခပ်ပျင်းပျင်းလုပ်နေရင် ကျုပ်သေချင်သေးလို့ပဲမှတ်ရမှာပဲ ဒီပြင် ဘာမှ မရှိဘူး၊ ရှင်းပလား(ရှင်းပါပြီဘုရား)။

ကဲ ဒါဖြင့် ဂဂ်ီဝါဠူ သံစုမကဘုရားတွေပွင့်သွားကြတယ် ဘယ်များရှာတွေ့သေးတုံး၊ ဘယ်နေရာအလောင်းများတွေ့သေးတုံး၊ ပရိနိဗ္ဗာန်စံပြီးသွားတဲ့ပုဂ္ဂိုလ်တွေဟာဆိုတော့၊ သေစရာအထည်မရှိလို့ မသေကြတဲ့ဆီနေကြတာပဲ (တင်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

## သေစရာအထည်မရှိလို့

သူတို့ကတော့ဖြင့် ဘာအစားမှားမှာ၊ ဘာမိုးရွာမှာ၊ ဘာနေပူမှာ၊ ဘယ်လိုစစ်ကြီးဖြစ်လာမှာ ပူစရာကို မရှိတော့ဘူး (တင်ပါဘုရား)၊ ဘာဖြစ်လို့တုံး၊ သေစရာလည်း အထည်မရှိဘူး သေတတ်တဲ့တရားတွေကလည်း သူတို့နဲ့အိုးစားကွဲသွားပြီ၊ မကွဲသေးဘူးလား (ကွဲသွားပါပြီဘုရား)။

အဲဒါကြောင့် နိဗ္ဗာန်တောင်းနေကြတာကွ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဒါဖြင့် သူ့ကို ဒီလိုရှုပေးပါတဲ့ သေမင်းသေတတ်တဲ့တရား၊ သေအောင်သတ်နေတဲ့တရား၊ သေအောင်သတ်နေတဲ့တရားဆိုရင် မင်းမုန်းလာမယ်၊ မမုန်းပေဘူးလား (မုန်းပါတယ်ဘုရား)။

ရုပ်နာမ်ဓမ္မတွေဟာ ဘာလုပ်နေတဲ့တရားတွေတုံး (သေအောင်သတ်တဲ့တရားတွေပါဘုရား)၊ သေအောင်သတ်မည့်တရားတွေ ကိုယ့်သေအောင်သတ်မည့်တရားတွေဆိုတော့ ဒီသေအောင်သတ်မည့်တရားတွေကို မင်းတို့ကျကျနနမြင်ရတဲ့အခါကျတော့၊ သူတို့ဖြစ်ပျက်နေတာမြင်ရတဲ့အခါကျတော့ မင်းတို့ မုန်းလာမှာပဲ (တင်ပါဘုရား)။

ဩော်. . . ဒါသေအောင်သတ်မည့်တရား၊ မရှိရင် ကောင်းလေရဲ့ လာမလား၊ မလာဘူးလား (လာပါတယ်ဘုရား) မရှိရင် ကောင်းလေရဲ့လို့ လာသည်နှင့်တစ်ပြိုင်တည်း ဩော်. . .

ဒို့မှ မပူဇော် မပသတော့ဘဲ ဒို့အကြောင်းသိသွားပြီဆိုပြီး သူတို့က မသတ်တော့ဘူး၊ ချုပ်သွားတယ် (တင်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဉာဏ်သုံးဆင့်နဲ့တက်

အဲဒါကြောင့် ဉာဏ်သုံးဆင့်နဲ့တက်ပြီးသကာလ ပထမ သူသတ်ယောက်ျားမြင်အောင်လုပ်ဆိုတာ၊ ဖြစ်ပျက်မြင်တာ သူသတ်ယောက်ျားမြင်တာပဲ၊ ဖြစ်ပျက်မုန်းတာ ဘယ်သူ့မုန်းတာတုံး (သူသတ်ယောက်ျားမုန်းတာပါဘုရား)၊ သူသတ်ယောက်ျား မုန်းတာပဲ၊ သဘောကျပလား (ကျပါပြီဘုရား)။

ဖြစ်ပျက်ဆုံးသွားပြီ ဒီယောဂီပုဂ္ဂိုလ်က ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ ဘယ်သူဆုံးသွားတယ်ထင်ကြတုံး (သူသတ်ယောက်ျားဆုံးသွားတာပါဘုရား)။

## နောက်သေစရာမရှိတော့ဘူး

ဒါဖြင့် ဒီယောဂီပုဂ္ဂိုလ်ဟာ မောင်အောင်ချီဖြင့် မောင်အောင်ချီ၊ လှညွန့်ဖြင့် လှညွန့် သူသတ်ယောက်ျားနဲ့ သူနဲ့ အခုစပြီး ကွဲတော့တာပဲ၊ နောက်သေစရာမရှိတော့ဘူး (တင်ပါဘုရား) ရှိသေးရဲ့လား (မရှိတော့ပါဘူးဘုရား)။

လောဘဖြစ်စရာကော (မရှိတော့ပါဘူးဘုရား) ဘေး

တွေ့စရာကော (မရှိတော့ပါဘူးဘုရား)၊ ပရိတ်တားစရာကော (မရှိတော့ပါဘူးဘုရား) ဘာဖြစ်လို့တုံး (သူသတ်ယောက်ျား လမ်းဆုံးသွားလို့ပါဘုရား) သူသတ်ယောက်ျား လမ်းဆုံးသွားလို့ (တင်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဒါမဂ်ဉာဏ်ရတာ

ဒါဖြင့် လူသတ်ယောက်ျားလမ်းဆုံးသွားအောင်ဆိုတော့ ဒီဉာဏ်သုံးဆင့်နဲ့တက်မှပဲဆုံးမှာပဲ (တင်ပါ)။

ပထမမြင်တာက သူသတ်ယောက်ျားမြင်တာ၊ ဒုတိယမြင်တာက (သူသတ်ယောက်ျားမုန်းတာပါဘုရား)၊ တတိယမြင်တာက သူသတ်ယောက်ျားနဲ့ငါနဲ့ကွဲပြီ၊ ဆုံးသွားပြီ သူနဲ့ဖြင့် လမ်းဆုံးကွဲပဲဆိုပြီးသကာလ သိသွားတာ ဒါမဂ်ဉာဏ်ရတာ ရှင်းပလား (ရှင်းပါပြီဘုရား)။

## စားဖို့သောက်ဖို့အသာထား

ဟိုထဲချည်း ပြန်ဝင်တာပဲ မင်းတို့လုပ်နေတဲ့အထဲချည်း အကုန်ပြန်ဝင်တာပဲ အဲတော့ကို ဒီဉာဏ်သုံးဆင့်နဲ့ မောင်အောင်ချီတက်နေတဲ့ ဥစ္စာဟာ အန္တရာယ်ရှိနေတဲ့ပုဂ္ဂိုလ်ဟာ ဒီပြင်စားဖို့သောက်ဖို့အသာထား ဟုတ်ဘူးလား (တင်ပါ)။

ကျောက်ပေါက်နေတဲ့လူက တိုက်အရင်တည်မလား၊

ကျောက်ပေါက်နာအရင်ကုမလားလို့မေးရင် ဘယ်နဲ့ဖြေကြမတုံး (ကျောက်ပေါက်နာအရင်ကုရမှာပါဘုရား)။ ကျောက်ပေါက်နာ အရင်ကုပစ်လိုက်ဦး၊ သူ့သတ်ယောက်ျားအရင်ကုပစ်လိုက်ဦး၊ ပြီးတော့မှ မင်းတို့တိုက်တည်တည်၊ ကားဝယ်ဝယ် ဟုတ်လား (တင်ပါ) လေယာဉ်ပျံဝယ်ဝယ်ပေါ့။

## အရေးကြီးတာတစ်နံပါတ်ထားလုပ်

ကိစ္စမရှိတော့ဘူး ဒါဖြင့်အရေးကြီးတာ(၁) နံပါတ်ထား လုပ်၊ အရေးမကြီးတာက အရေးမကြီးသလို ခန္ဓာရှိနေတော့ သူလည်း မတတ်သာလို့ ကျွေးနေရဦးမှာပဲ သူ့ (၂) နံပါတ်ထား လုပ် (တင်ပါ)။

အဲဒါမင်းတို့မို့လို့ သိတာနော် ဆရာကောင်း သမား ကောင်းနဲ့ မင်းတို့သေသေချာချာ သူ့ပါဠိတော်တွေ ထုတ်ပြလို့ သာ သိတာ၊ ဒီပြင့်လူတွေကတော့ ဘယ်သူကျွေးမတုံးမေးမှာ၊ မမေးပေဘူးလား (မေးပါတယ်ဘုရား)။

## တရားချည့်အားထုတ်နေရင် ဘာစားကြမှာတုံး

တရားချည်းအားထုတ်နေလို့ရှိရင် ဘာစားမတုံးဆိုတော့ စားတာကိစ္စမရှိဘူး မင်းက ဘယ်သူ့ကျွေးတာတုံးလို့မေးချင်သေး တယ်၊ ဒါကို ဘယ်နဲ့ဖြေကြမတုံး၊ သူ့သတ်သမား အားကောင်း

ကောင်းဖြစ်အောင်ကျွေးတော့ မြန်မြန်သေလွယ်ရုံရှိတာပဲ၊ ဒီပြင်ဘာရှိသေးတုံး (မရှိပါဘူးဘုရား)။

အဲဒါ တချို့က သူသတ်ယောက်ျား ကောင်းကောင်းမကျွေးနိုင်လို့ လက်မှိုင်တွေမျှားချပြီး နေလိုက်တဲ့ပုဂ္ဂိုလ်တွေကရှိသေးတယ် (တင်ပါ) မရှိဘူးလား (ရှိပါတယ်ဘုရား) စားဖို့သောက်ဖို့ ကြပ်တည်းလို့ သူ့လှလှပပဝဝမကျွေးနိုင်လို့ ကျုပ်ဖြင့်စိတ်များပျက်နေတယ်၊ ဩော် . . . ဖျင်းလိုက်တာလည်း ခက်ပြီကော၊ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)၊ ဖျင်းသမှတန်းကုန်နေတာပဲ ဆိုလို့ရှိရင် မလွဲပါဘူး (တင်ပါ)။

## မိတ်ဆွေချည်းပဲထင်နေတယ်

ဘာဖြစ်လို့တုန်းဆိုတော့ သူသတ်ယောက်ျားရယ်လို့မှ သူကသိမှ မသိတော့ပဲ အဲတော့ မိတ်ဆွေချည်းပဲထင်နေတယ် မိတ်ဆွေချည်းထင်နေတော့ ကြည့်နိုင်တယ်၊ ရှုနိုင်တယ်ဆိုတဲ့ အခိပ္ပါယ်မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)၊ ကိုင်း မောင်အောင်ချီ ဘယ်လောက်လွဲတုံး (လွဲပါတယ်ဘုရား)။

ကဲ . . . ဒါဖြင့် မင်းတို့မျက်လုံးနဲ့ဖြင့် ငါပြောသလိုတည့်ဖို့ရာဝေးပါသေးတယ်ကွ (တင်ပါဘုရား)၊ ဝေးမနေဘူးလား (တင်ပါ)။

## ဘာဝမ်းသာတာတုံး သေခါနီးလို့လား

မင်းတို့က လူချင်းတူတူ သူချင်းမျှမျှဖြစ်လာလို့ ဝမ်းသာရသေးရဲ့၊ ဘာဝမ်းသာတာတုံးကွ သေခါနီးလို့လား၊ ဒီပြင် မေးစရာမရှိဘူး သေခါနီးလို့လားပဲ မေးစရာရှိတယ် (တင်ပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

တချို့ဝဝဖြိုးဖြိုးကြီးတွေ့နဲ့သေသွားတာတွေ မောင်အောင်ချိတွေ့ရမှာပဲ ပိန်ပိန်နဲ့ သေသွားတာတွေကော (တွေ့ပါတယ်ဘုရား) အလတ်စားနဲ့သေသွားတာတွေကော (တွေ့ရပါတယ်ဘုရား) တွေ့ရတာပဲ။

## သေတာတွေဘယ်သူ့လက်ချက်တုံး

လူချမ်းသာလည်းသေ၊ လူလတ်စားလည်းသေ လူဆင်းရဲလည်းသေ၊ သေတဲ့ပုဂ္ဂိုလ်ဟူသ၍ ဘယ်သူ့လက်ချက်မှမပါဘူး၊ ဒီခန္ဓာငါးပါးတစ်ပါးပါးလက်ချက်ပဲ (တင်ပါ)။

ဘာဝေဒနာတုံးဆိုရင် ဝေဒနာက သတ်တာ (တင်ပါ) ဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)၊ ဓာတ်လျော့သတဲ့ဆိုရင်ကြော်. . . ပထဝီကသတ်ပြီ၊ ရူပက္ခန္ဓာကသတ်တာ (တင်ပါ)။

တစ်ခါတလေကျတော့ ခေါင်းကိုက်တဲ့ဝေဒနာနဲ့ပဲ နောက်ကျောတက်တဲ့ဝေဒနာနဲ့ပဲသွားပြီ ဝေဒနာကသတ်လိုက်ပြီ

(တင်ပါ) အင်း. . . မကျွေးလို့မမွေးလို့လားဆိုရင် ဘယ်နဲ့ဆိုကြ မတုံး (မဟုတ်ပါဘူးဘုရား)။

ကျွေးမွေးရင်းနဲ့ကိုသတ်တာ ဘယ်တော့မှ မယဉ်ဘူးတဲ့ ကျားလိုပဲတဲ့ (တင်ပါ)၊ ရင်ရဲ့လား (မရင်ပါဘူးဘုရား)၊ တစ်နေ့နေ့ သက်မယ်ဆိုတဲ့ စိတ်နဲ့နေတာပဲ (တင်ပါ)။

## တော်ရော့ပေါ့သင့်ရုံကျွေးသင့်ရုံဝတ်

ဘယ်လိုကျွေးကျွေး၊ ဘယ်လိုဆင်ဆင်၊ သဘောပါကြ ပလား (ပါပါပြီဘုရား) ဒါဖြင့် သူသတ်ယောကျ်ားလက်သတ်မွေး ပြီးသကာလ ပူဇော်ပသနေတဲ့ ပုဂ္ဂိုလ်များဖြင့် လွဲလိုက်တာ ပြောစရာမရှိဘူးဆိုရမယ် (တင်ပါ) တော်ရော့ပေါ့ကွ သင့်ရုံကျွေး၊ သင့်ရုံဝတ်၊ (တင်ပါဘုရား)။

သူက သတ်မည့်လူပုံဥစ္စာကို (တင်ပါ)၊ မဆင်မဖြစ်လို့ သာ ဆင်ရတယ် အပြီးသတ်တော့ ကျေးဇူးတော့ပြန်သိမှာ မဟုတ်ဘူးဆိုတော့ မင်းတို့က မှတ်ထားလိုက် (တင်ပါ)၊ မမှတ် ထိုက်ဘူးလား (မှတ်ထိုက်ပါတယ်ဘုရား)။

ကျေးဇူးပြန်သိတတ်ကဲ့လား (မသိပါဘူးဘုရား)၊ ကျွေးရှင် မွေးရှင်သတ်တာ (တင်ပါ)၊ ကျွေးရှင်၊ မွေးရှင်အနာရအောင် လုပ် လိုက်တာ (တင်ပါဘုရား)။

## ခွေးကမှအမြီးနဲ့ပေါ်ရသေးတယ်

ကျွဲးရှင် မွေးရှင်ကို သေပွဲဝင်အောင်လုပ်လိုက်တယ် ဆိုတော့ ဒီလောက်ကျေးဇူးတုံ့မသိတတ်တာ လောကကြီးထဲ ရှိသေးရဲ့လား (မရှိပါဘူးဘုရား) ခွေးကမှ ထမင်းကျွေး အမြီးနှံ့ ဖေါ်ရသေးတယ် (တင်ပါ) ထမင်းကျွေးတဲ့အခါကျတော့ သူက ကျွေးနေကျလူဆိုရင် အမြီးလေးနှံ့ လျှာလေးနဲ့လာလျက်နဲ့ အင်း ခွေးလောက်မှ အဖိုးမတန်ဘူးဆိုတဲ့ အဓိပ္ပါယ်ရောက်နေတယ် (တင်ပါ)။

ခန္ဓာကိုယ်က သူကဘယ်တုန်းကများ၊ မင်းတို့အလို၊ မင်း တို့အကြိုက် မင်းတို့အလိုက်နေမယ်လို့ ပြောဖူးလို့လဲ ကျွေးရမွေးရ တာဖြင့် မင်းတို့အဖို့ ခြေထောက်တိုလို့ သွားရလာရတာ (တင် ပါ)။

ကဲ ကျေးဇူးမသိတဲ့အထဲ ဘယ်သူအကြီးကျယ်ဆုံးတုံးဆို မင်းတို့မှတ်မိပလား (မှတ်မိပါပြီဘုရား) ခန္ဓာငါးပါး (တင်ပါ) ဘယ် လိုကျွေးကျွေး၊ ဘယ်လိုမွေးမွေး၊ ဘယ်လိုဆင်ဆင် သတ်တာပဲ (တင်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း ဒါဖြင့် သူသတ်ယောက်ျားဆိုတာ ဘယ်သူ့ခေါ်ကြ ပါ့မတုံး (ခန္ဓာငါးပါဘုရား) ဒီတိုင်းနေတဲ့ ပုဂ္ဂိုလ်သူကချည်း သတ် မှာ (တင်ပါ)။

ကိုယ်က ပြန်သတ်နိုင်တဲ့ပုဂ္ဂိုလ်ဟာ နောက်အသေလွတ်သွားမယ် (တင်ပါ)၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)၊ ကိုယ်ကပြန်သတ်နိုင်တယ်ဆိုတာလည်း ဒီဉာဏ်မှ တစ်ပါး မရှိဘူး လက်နက် (တင်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

## သေမင်းလွတ်တဲ့ဆီပို့တဲ့ဉာဏ်

ဖြစ်ပျက်မြင်တဲ့ဉာဏ်။ ဖြစ်ပျက်မုန်းတဲ့ဉာဏ်၊ ဖြစ်ပျက်ဆုံးအောင် လုပ်နိုင်တဲ့ဉာဏ် ဒီဉာဏ်ပဲသေမင်းလွတ်တဲ့ဆီကို ပို့နိုင်တော့တယ် ကျန်တဲ့နည်းတော့ မင်းတို့ဆရာသမားလည်း ဘာမှ မတတ်နိုင်ဘူး ဒါသာလုပ်ခိုင်းရမှာပဲ (တင်ပါဘုရား)၊ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒီအကျိုးဟာ မောင်အောင်ချီ သိပ်ကြီးတဲ့အကျိုးပဲလို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ် ဘုရား) လောကကြီးဘယ်ဆေးမှ ကုလို့မရတာ သူသတ်ယောကျ်ားပဲ (တင်ပါ)၊ ရရဲ့လား (မရပါဘူး ဘုရား)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘယ်ဆရာဝန်ဖြစ်ဖြစ် ဆရာဝန်ကိုသတ်ချလိုက်တာ (တင်ပါ) ဘယ်ဆရာဝန်ဖြင့် နာမည်ကြီးလိုက်တာ အကုအသသိပ်ကောင်း၊ တော်ကြာ ဆရာဝန်မသာတဲ့ ဖိတ်စာရောက်လာပြီ၊ မရောက်ဘူးလား၊ ရောက်သလား (ရောက်ပါတယ်ဘုရား)။

## ဆရာဝန်ဘယ်သူသတ်လိုက်သတုံး

ဒါဘယ်သူက သတ်လိုက်တာတုံး။ (ခန္ဓာငါးပါးက ပါဘုရား)၊ ခန္ဓာငါးပါး တစ်ပါးပါးက သတ်ချလိုက်တာ (တင်ပါ)၊ ငါးပါးစလုံးကလည်း ဝိုင်းသတ်တယ် တစ်ပါးပါးရင်လည်း သတ်တာပဲ (တင်ပါ)။

အဲဒါတွေ ဉာဏ်ကသိပြီးထားတော့မှ ဩော်. . . သူနဲ့မခွဲသ၍တော့ဖြင့် အသေတော့ မလွတ်ပါဘူး၊ အနာတော့ မလွတ်ပါဘူး၊ အအိုကော (မလွတ်ပါဘူး ဘုရား)၊ အမွဲအကွဲကော (မလွတ်ပါဘူး ဘုရား)။

ဒါဖြင့် သူမရှိတဲ့အခါကျတော့ကော အအိုလွတ်၊ အနာလွတ်၊ အိုစရာအထည်မရှိဘူး။ (တင်ပါ)၊ နာစရာအထည်မရှိဘူး၊ သေစရာအထည်ကော (မရှိပါဘူး ဘုရား) မရှိလို့ အဲဒါကြောင့် ဒီအလုပ်ဟာ အိုစရာ၊ နာစရာ၊ သေစရာမရှိအောင် လုပ်တဲ့အလုပ် (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## မဖြစ်ဖြစ်အောင်လုပ်ရမည့်အလုပ်

မွဲစရာ၊ ကွဲစရာမရှိအောင်လုပ်တဲ့အလုပ် (တင်ပါဘုရား)၊ ဉာဏ်ရောက်ပလား (ရောက်ပါပြီဘုရား) ဒါဖြင့် ဒီအလုပ်သည် မင်းတို့မဖြစ်မြောက်၊ ဖြစ်မြောက်အောင်လုပ်ရမည့်အလုပ် (တင်ပါ) ဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကို သနားရင်လေ (တင်ပါဘုရား)၊ အသေကြောက်ပါတယ်၊ အနာကြောက်ပါတယ်၊ အအိုကြောက်ပါတယ်၊ မွဲရမှာကြောက်ပါတယ်၊ ကွဲရမှာကြောက်ပါတယ်၊ ဆိုလို့ရှိရင်ဖြင့် သားသမီးတွေလည်း ဒါပဲ အလုပ်ခိုင်း (တင်ပါ)။

မိမိကော (ဒါပဲလုပ်ရမှာပါဘုရား)၊ မိမိလည်းဒါပဲလုပ်ရမယ် သားသမီးတွေလည်း ဒါပဲလုပ်ရမယ်ဆိုတာ ဒါ အရှင်းသားပဲ (တင်ပါ)၊ မရှင်းဘူးလား (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ကို (၁)နံပါတ် သူသတ်ယောက်ျား မြင်အောင်လုပ်ဖို့ပဲ (တင်ပါ) ဖြစ်ပျက်မြင်တာဘာမြင်တာတုံး (သူသတ်ယောက်ျားမြင်တာပါဘုရား)၊ ဖြစ်ပျက်မုန်းလာပြီဆိုရင် သူသတ်ယောက်ျားသိလာလို့မုန်းတာ (တင်ပါ)၊ ဖြစ်ပျက်မလိုချင်တော့ဘူး ဆိုတော့ သူသတ်ယောက်ျားအစစ်သိမလာဘူးလား (သိပါတယ်ဘုရား)။

## မဂ်ဉာဏ်လာရင်အေးပြီးချမ်းသာသွားတယ်

ဒါမလိုချင်တော့ သူချုပ်မှာမဟုတ်လား (တင်ပါ) မလိုချင်လို့မဂ်ဉာဏ်လာရင် သူချုပ်သွားလို့ရှိရင်ဖြင့် ဒီပုဂ္ဂိုလ်က ယောဂီပုဂ္ဂိုလ်က ဝမ်းသာတယ် ချမ်းသာသွားတယ်၊ အေးချမ်းသွားတယ်၊ ဘာဖြစ်လို့တုံး၊ သူသတ်ယောက်ျားနဲ့ ဘဝများစွာက ဘယ်တော့မှ အန္တရာယ်မကင်းခဲ့ရတာ ဒီတစ်ခါနောက်ဆုံးပိတ်

အန္တရာယ်ကင်းရတဲ့အတွက် ရင်ထဲအေးပြီး ချမ်းသာသွားတယ်ဆိုတာ ဒါပဲကွ (တင်ပါဘုရား)။

သူတို့သာ မသေသေးဘူးဆိုရင်ဖြင့် သူတို့ကြောင့်ဖြစ်ရတဲ့ တစ်နေ့ကပြောတဲ့ သူတို့ခင်တွယ်တဲ့ တဏှာတို့၊ ဥပါဒါန်၊ ကံတို့လာဦးမှာပဲ (လာမှာပါဘုရား) သူတို့ခင်တွယ်လို့ လုပ်ရတဲ့ အလုပ်တွေကို (တင်ပါ)။

ဒါတွေလာလို့ရှိရင် နောက်ခန္ဓာလာမလား (လာမှာပါဘုရား) လာရင် ဒီငါးယောက် ဒီကျအောင်မလာဘူးလား (လာပါတယ်ဘုရား) ဒီလူသတ်ပြီး သူတို့ ဒီရွှေဦးမှာပဲ (တင်ပါ) မရွှေ့ပေးဘူးလား (ရွှေ့ပါတယ်ဘုရား)။

ရွှေ့လို့ရှိရင် ဘာဖြစ်ဦးမယ်ထင်ကြတုံး တစ်ခါသတ်ဦးမှာပဲ ဒါဖြင့် ဒီသတ်ကြောင်း တရားကိုလည်း မင်္ဂကသတ်တာပဲ၊ ဒီသတ်တဲ့တရားကိုလည်း သူကဖယ်ပစ်လိုက်တာပဲ၊ သတ်ကြောင်းတရားလည်း ပေါ်သေးရဲ့လား (မပေါ်ပါဘူး ဘုရား)။

မပေါ်လို့ရှိရင် ဒီ့သည်ဘယ်နေရာသွားသွား၊ ပစ်တိုင်းထောင်ဖြစ်ပြီ (တင်ပါ) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ် ဘုရား)၊ ပစ်တိုင်းထောင်ဆိုတာ ဘယ်ပစ်လိုက် ပစ်လိုက် ထောင်နေတာပဲဆိုတဲ့ ရှေးအရုပ်ကလေးတွေလို့ (တင်ပါ)။

## ဖြစ်ပျက်ဆုံးအောင်လုပ်ရမယ်

ဒါဖြင့် မင်းတို့သည် အန္တရာယ်ကင်းလို့ ဘေးရှင်းအောင်လုပ်ချင်လို့ရှိရင်ဖြင့် ဒီအလုပ်ဆက်လုပ်ရမယ် (တင်ပါ)၊ မလုပ်လို့ရှိရင်ဖြင့် ဘာပရိတ်နဲ့ဘာတားတား ရပ်မလား (မရပါဘူး ဘုရား) ဒါဖြင့် ဘယ်နဲ့လုပ်ကြမတုံး အလုပ်ဖြစ်ပျက်မြင်အောင်လုပ် (မှန်ပါဘုရား)။

ဖြစ်ပျက်မုန်းအောင်လုပ်၊ ဖြစ်ပျက်တွေကို (ဆုံးအောင်လုပ်ရမှာပါ ဘုရား)၊ ဆုံးဆိုတာ ခန္ဓာငါးပါးပဲမဟုတ်လား (တင်ပါဘုရား)၊ သူဆုံးသွားလို့ရှိရင် သတ်မည့်လူ ဘယ်နဲ့နေတုံး။ (မလာပါဘူး ဘုရား) မလာတော့ဘူး မလာလို့ရှိရင် ဒီအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ အန္တရာယ်ကင်း ဘေးရှင်းဆိုတာ ဖြစ်ထိုက်မဖြစ်ထိုက် (ဖြစ်ထိုက်ပါတယ်ဘုရား) ဒါဖြင့် သူ့လမ်းကအဆုံးလိုက်မှ ဖြစ်မှာ (တင်ပါ)။

## သူ့ညှာရင်၊ ကိုယ့်သတ်မှာ

အဆုံးမလိုက်လို့ရှိရင် ဩော်. . . ဒိုညှာထားသေးတယ်ဆိုပြီး သူက သတ်မှာပဲ (တင်ပါ) သူ့ညှာထားရင် ကိုယ့်သတ်မှာ (တင်ပါ) ဟုတ်ဘူးလား၊ မြွေများကိုင်တဲ့ပုဂ္ဂိုလ်ဟာ. . ဇက်လေးနားက ကိုင်ရတယ်၊ အမြီးကသာသွားကိုင်လို့ရှိရင် သူ့ချစ်လို့ သွား

မကိုင်နဲ့၊ မုန်းလို့လည်း သွားမကိုင်နဲ့ သူကိုက်တာနဲ့ သေမှာပဲ (တင်ပါ) ဟုတ်ဘူးလား (မှန်ပါဘုရား)။

အဲတော့ မင်းတို့ရထားတာက မြွေရထားသလိုကျနေတာ (တင်ပါ)၊ ကိုယ်ကသူ့ကိုနိုင်အောင်လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်ရင်တော့ဖြင့် သူကတော့ တွယ်တော့မှာပဲ၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ် ဘုရား)။

အဲဒါကြောင့် ဒါဖြင့် ဘုရားတဲ့ ရာဇကေ သူ့ကိုယ်ဘယ်လိုရှုရမှတုံး အို. . . အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတော သလ္လတော အဃတောဆိုတဲ့အတိုင်းပေါ့ကွာ ဖြစ်ပျက်မြင်အောင် ရှုတာပေါ့ (တင်ပါ)။

## သူ့မုန်းတော့ မဂ်ရလိမ့်မယ်

ရှုပြီးဘယ်နဲ့လုပ်ရမတုံး၊ အို. . . သူ့ရှုလာတဲ့အခါကျတော့ သူ့မုန်းလိမ့်မယ်ကွတဲ့ (တင်ပါ) မမုန်းပေဘူးလား (မုန်းပါတယ်ဘုရား) မုန်းတော့ ဘာဖြစ်မတုံး၊ အို. . . မုန်းတော့ မုန်းတာက မဂ်ရလိမ့်မယ်ကွတဲ့ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ. . . ဒီနေ့ ဒီတွင်တော်ကြဦးစို့

သာဓု၊ သာဓု၊ သာဓု။